# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား လက်ခံတွေ့ဆုံ

## အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ ပြင်းထန်လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့အား လက်ခံတွေ့ဆုံစဉ်။




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ *ရှေ့ဖုံးမှ*

ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံ ပြင်းထန်လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းများ ပေးပို့ပေးခဲ့သည့် အခြေအနေများ၊ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ အသေးစား ခွဲစိတ်မှုများ ဆောင်ရွက်နိုင်သည့် ရွေ့လျားဆေးရုံများ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ငလျင်ဒဏ်သင့်ဒေသများ၌ အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ လိုအပ်လျက်ရှိမှုနှင့် အပျက်အစီးများ ဖယ်ရှားရေးအတွက် စက်ကိရိယာပစ္စည်းများ လိုအပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ငလျင်ဘေးကယ်ဆယ်ထူထောင်ရေး ဆောင်ရွက်နေကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ AHA စင်တာမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့နှင့်အတူ ငလျင်ဘေးကယ်ဆယ်ထူထောင်ရေး ဆောင်ရွက်နေကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ AHA စင်တာအမှုဆောင်ညွှန်ကြားရေးမှူးနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် Jasmine Hotel ၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် AHA စင်တာ အမှုဆောင်ညွှန်ကြားရေးမှူး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ငလျင်ဘေးတွေ့ကြုံပြီး (၉)ရက်မြောက်နေ့အထိ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ လိုအပ်ချက်များ၊ ပြန်လည်ထူထောင်ရေးအဆင့်တွင် လိုအပ်လာမည့် ကျန်းမာရေးဆိုင်ရာ၊ ရေ၊ မီး စသည့် အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

အဆိုပါတင်ပြချက်များအပေါ် အခြေခံကာ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ၊ ရွှေ့ပြောင်းနိုင်သည့် ဆေးခန်းနှင့် ခွဲစိတ်ခန်းများ၊ ရေ၊ မီး အစရှိသည့် အခြေခံအဆောက်အအုံ၊ ယာယီရွက်ဖျင်တဲများ၊ ခြင်ထောင်များ စသည့် အထောက်အပံ့ပစ္စည်းများ ဦးစားပေးရယူပံ့ပိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်သည့် လုပ်ငန်းစဉ်သို့ ကူးပြောင်းမှု ချောမွေ့စေရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး မြန်မာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး အင်ဂျင်နီယာပိုင်းဆိုင်ရာများ စနစ်တကျစိစစ်တည်ဆောက်ရန်လို

**နေပြည်တော်  ဧပြီ  ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ဦးညွှတ်ဂါရဝပြု**

အစည်းအဝေးမစတင်မီ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့်မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အစည်းအဝေးတက်ရောက်လာကြသူများ အစည်းအဝေးမစတင်မီ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့်မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြစဉ်။

**ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်**

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များပါ တက်ရောက်သည့် အထူးအစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မတ်လ ၂၈ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရစ်(ခ်)တာစကေး ၇ ဒသမ ၇ ရှိသည့်အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း ယခုကဲ့သို့ ပြင်းထန်သည့် ငလျင်ဖြစ်ပေါ်ခဲ့မှုမှာ ရစ်(ခ်)တာစကေး ၆ နှင့်အထက်လှုပ်ခတ်မှု ၁၈ ကြိမ်ရှိပြီး ယခုလှုပ်ခတ်မှုသည် ဒုတိယအပြင်းထန်ဆုံးဖြစ်ကြောင်း၊ ၁၉၁၂ ခုနှစ်၌ ပြင်ဦးလွင်မြို့တွင် ရစ်(ခ်)တာစကေး ၈ အထိလှုပ်ခတ်ခဲ့သည့် ငလျင်သည်အပြင်းထန်ဆုံးဖြစ်ခဲ့ကြောင်း၊ မတ်လ ၂၈ ရက်နေ့ ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့ချိန်သည် နေ့ခင်းဘက်ဖြစ်ခြင်းကြောင့် လူအများထိခိုက်မှု လျော့နည်းခဲ့ခြင်းမှာ အဆိုးထဲမှ အကောင်းပင်ဖြစ်ကြောင်း၊ ညဘက်အချိန်တွင်သာ လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပါက ထိခိုက်ဒဏ်ရာရမှုများမှာ မတွေးဝံ့စရာပင်ဖြစ်ကြောင်း။

ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ယခုအချိန်အထိ သေဆုံးသူ ၃၆၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၄၀၊ ပျောက်ဆုံးနေသူ ၂၁၄ ဦး စုစုပေါင်း ၈၆၀၀ ကျော်ခန့် ထိခိုက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အသေးစိတ်စာရင်းမရရှိသေးသော်လည်း အဆောက်အအုံပေါင်း ၅၂၂၃ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် ၂၇၅၂ ကျောင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဘုရား စေတီပေါင်း ၄၈၁၇ ခု ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံဆေးခန်း ၁၆၇ ခုပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး သွားရထားလမ်းနှင့် ကားလမ်းများပျက်စီးခြင်းနှင့် အချို့ဘူတာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ တံတား ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခုထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊ အမြန်လမ်းမကြီးတစ်လျှောက် အပိုင်း ၁၈၄ ခု ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ များပြားကြောင်း။

**အဆောက်အအုံများဆောက်လုပ်ရာတွင် ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်မှသာ နောင်ကာလ အချိန်များတွင် အသက်ပေါင်းများစွာ ကယ်တင်နိုင်မည်**

အဆောက်အအုံများ ပျက်စီးမှုများကြောင့် သေဆုံးမှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်၍ လေ့လာကြည့်သည့်အခါ ယခုဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာသည် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရသည့်ဆုံးရှုံးမှုဖြစ်ပြီး ကြီးမားသည့် သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငလျင်နှင့်ပတ်သက်ပြီး အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ကိုခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး အင်ဂျင်နီယာပိုင်းဆိုင်ရာများကို စနစ်တကျစိစစ်တည်ဆောက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စစ်ကိုင်းပြတ်ရွေ့ကြောကြီးအပေါ်တွင် တည်ရှိကြောင်း၊ အဆိုပါပြတ်ရွေ့ကြောကြီး၏ ပွတ်တိုက်ရွေ့လျားမှုကြောင့် ပြင်းထန်သည့်ငလျင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲငလျင်ငယ်လေးများ ဆက်လက်လှုပ်ခတ်လျက်ရှိပြီး ယခုအချိန်အထိ ၇၉ ကြိမ် ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရစ်(ခ်)တာစကေး ၆ နှင့် ၇ ပတ်ဝန်းကျင် လှုပ်လေ့လှုပ်ထရှိပြီးအမြင့်ဆုံးမှာ ရစ်(ခ်)တာစကေး ၈ အထိ အမြင့်ဆုံးလှုပ်ခတ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငလျင်သက်ရောက်သည့် ဒေသတွင်ရှိသည့်ဒေသများ၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်ရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
ခိုင်ခံမှုကို အလေးမထားသည့် အတွက်မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း၊ မျက်မြင်စစ်ဆေးချက်များအရ အချို့အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုများမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထိုသို့ သတ်မှတ်ချက်နှင့်မညီညွတ်ဘဲ ဆောင်ရွက်ထားသည်များကို ပြန်လည်စိစစ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံဆောက်လုပ်မှုနှင့် ပတ်သက်၍ နောင်တွင် ဆောက်လုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများအနေဖြင့် မြို့နယ်နှင့် ခရိုင်များအလိုက် ဖွဲ့စည်းပေးထားသည့် ကော်မတီများနှင့် ပူးပေါင်း၍ အဆောက်အအုံဆောက်လုပ်မှုများကို စနစ်တကျကြပ်မတ်စိစစ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နောင်တွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

**ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိ**

ယခုအခါငြင်းထန်ငလျင်လှုပ်ခတ်ပြီး ၉ ရက်မြောက်နေ့သို့ရောက်ရှိလာပြီဖြစ်ပြီး အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ၊ ယာယီဆေးရုံများ လုံလောက်စွာရရှိစေရေးအတွက် မိမိအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

**လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ**

ယခုအခါလမ်းပန်းဆက်သွယ်ရေးများ အမြန်ဆုံးပြန်ပွင့်နိုင်ရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့် တံတားများအား ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း၊ အလားတူ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားအား ပြန်လည်ပြင်ဆင်၍ ရထားပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံတစ်ခုမှလည်း ကူညီဆောင်ရွက်ပေးမည်ဟု ကနဦးသိရှိထားကြောင်း၊ အဆိုပါစစ်ကိုင်းတံတားသည် အထက်မြန်မာပြည်သို့သွားရောက်သည့် ရထားလမ်းပိုင်းတွင် အဓိကကျကြောင်း၊ ထို့ကြောင့် ရထားသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံတံတားသည်လည်း မူလီများပြုတ်ထွက်ပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တံတားများမှ သွားလာနိုင်ရေး အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ယာယီနေထိုင်မှု အဆင်ပြေစေရေးနှင့် မိုးမကျမီ ယာယီအဆောက်အအုံများ၌ ကောင်းမွန်စွာနေထိုင်နိုင်ရေး**

ငလျင်ဒဏ်ကြောင့် လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် လူအများစုမှာ အဆောက်အအုံများ၏ ပြင်ပတွင်နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေထိုင်မှုများအဆင်ပြေစေရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိယာယီတဲများအားလုံးကို ထုတ်ယူသုံးစွဲရန် မိမိအနေဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝမ်းရောဂါများ မဖြစ်ပွားစေရေးအတွက် သန့်ရှင်းရေးနှင့်ကျန်းမာရေးနှင့် ညီညွတ်သည့် ယာယီယင်လုံအိမ်သာများ တည်ဆောက်ပေးသွားရန်လိုသကဲ့သို့ ဝမ်းရောဂါကာကွယ်ဆေးနှင့် ကုသဆေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားရန်လိုကြောင်း၊ သန့်ရှင်းသည့် သောက်သုံးရေများရရှိစေရေးအတွက် မိမိတို့အနေဖြင့် ရေသန့်များဖြန့်ဝေပေးသကဲ့သို့ နိုင်ငံတကာမှ ရေသန့်စက်များရရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသန့်များ လုံလောက်စွာမရရှိနိုင်သေးသည့်အချိန်တွင် ရေကိုကျိုချက်သောက်သုံးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လည်းလိုကြောင်း၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်မှုအဆင်ပြေစေရေး နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း အလေးထားပြီး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယာယီနေထိုင်သည့်အချိန်တွင်လည်း မိသားစုအလိုက် လုံခြုံမှုရှိစွာဖြင့်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဘက်ပေါင်းစုံမှစဉ်းစား၍ လိုအပ်သည်များအားလုံးကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများအား ကုသပေးနိုင်ရေး**

ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စိတ်ထိခိုက်ဒဏ်ရာရရှိခဲ့မှုများကိုလည်း လျှော့ချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိဘများ၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများ ဆုံးရှုံးခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများကိုလည်း ဖျောင်းဖျအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်းထန်သည့် ထိခိုက်ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ကြသူများကိုလည်း ကုသမှုများဆောင်ရွက်ပေးရာတွင် ပြန်လည်ထူထောင်ရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာများ လုံးဝပျောက်ကင်းသည်အထိ ကုသမှုများဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြင်းထန်ငလျင်ဖြစ်ပွားပြီးချိန်၌ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာများရရှိပြီး လာရောက်ကုသမှုလူနာများ များပြားခဲ့သည်ကိုတွေ့ရှိရခြင်းကြောင့် နေပြည်တော်တပ်မတော်ဆေးရုံကြီးသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းနှင့် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်းတို့၌ ယာယီဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း၊ ပြည်ပနိုင်ငံများမှ ဆေးကုသရေးအဖွဲ့များအနေဖြင့်လည်း လာရောက်ကုသပေးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် လူနာများကို အမြန်ဆုံးကုသဆောင်ရွက်ပေးရန်လိုပြီး သက်သာပျောက်ကင်းသည်အထိ ကုသပေးရန်လိုကြောင်း။

**ပြန်လည်ထူထောင်ရေး**

ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးရာသီကာလသို့မရောက်မီ ပြင်ဆင်ဆောက်လုပ်၍ရသည့် အဆောက်အအုံများကို အမြန်ပြန်လည်တည်ဆောက်သွားရန်လိုပြီး နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘင်းမ်စတက်အစည်းအဝေးသို့ တက်ရောက်နေချိန်တွင်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရရှိစေရေး အကူအညီများ ပေးအပ်ရန်ပြောကြားခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေစာရင်းပိုင်ဆိုင်မှုဆိုင်ရာ စာရင်းရှုပ်ထွေးမှုမရှိသည့်နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆောက်အအုံများ ပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ မိုးရာသီမကျမီ အချိန်အတွင်း ပြန်လည်ပြင်ဆင်ဆောက်လုပ်၍ ရနိုင်သည့်အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ဆောက်လုပ်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန် လိုကြောင်း။

အထပ်မြင့်နှင့် အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ခ်)တာစကေး ၈ အထက်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်ကတည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကွဲအက်မှုများဖြစ်ပေါ်ပြီး စိတ်ချရမှုမရှိနိုင်ပါကလည်း အဆိုပါအဆောက်အအုံအား ဖျက်သိမ်းသွားရန်လိုကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ခဲ့မှုများသည် နောင်အနာဂတ်ကာလတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ခိုင်ခံ့စွာတည်ဆောက်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အသေးစိတ်စစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကို စနစ်တကျဖြင့် ပြုပြင်ခြင်းမပြုလုပ်ပါက နောင်တွင် ပြိုကျပျက်စီးသည်အထိ အန္တရာယ်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထိခိုက်ခဲ့သည့် အဆောက်အအုံများကိုလည်း ခိုင်ခံ့သည့်အဆောက်အအုံများဖြစ်အောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

**စားရေး အခက်အခဲမဖြစ်စေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရပ်တန့်မှုမရှိအောင် ဆောင်ရွက်ရန်လို**

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို ငလျင်ဒဏ်ထိခိုက်မှုမရှိခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေးအတွက် ပူပန်မှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ပေးသွားမည်**

ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်မှ ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မတော်လောဘများဖြင့် ဈေးနှုန်းများ အဆမတန်မြှင့်တင်၍ ရောင်းချခြင်းများမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီတွင် ရောက်ရှိတော့မည့် သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ အများသူငှာ ပူဆွေးသောကရောက်နေသည့်အချိန်ဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ စည်စည်ကားကားနှင့် ပျော်ပျော်ပါးပါး လုပ်ဆောင်ရန်မသင့်လျော်သည့်အတွက် သင်္ကြန်ကာလကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းသွားကြရန် အားလုံးကို အလေးထားမှာကြားလိုကြောင်း၊ ရိုးရာအစဉ်အလာနှင့်အညီ ရေပက်ကစားခြင်းများကိုသာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုအချိန်တွင် အရေးကြီးသည်မှာ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအနေဖြင့်လည်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိမိတို့၏ ဝန်ကြီးဌာနလက်အောက်ခံရုံးဌာနများသို့ သွားရောက်၍ ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကဖြစ်ပေါ်ခဲ့သည့်ငလျင်သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာတွင် အင်အားပြင်းငလျင်ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်ငယ်များနှင့် ငလျင်ကြီးများဖြစ်ပေါ်လာနိုင်မှု၊ ထိခိုက်ပျက်စီးခဲ့ရသည့် ကားလမ်း၊ ရထားလမ်း၊ လေယာဉ်ပြေးလမ်းစသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များ တင်ဆောင်လာသည့် လေယာဉ်များ ဆိုက်ရောက်မှု၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးအဆောက်အအုံနှင့် နေထိုင်ရန်နေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဒဏ်သင့်ပြည်သူများအနေဖြင့် မိုးမကျမီကာလအတွင်း ယာယီနေထိုင်နိုင်ရန်အတွက် Modular House များ စီစဉ်ဆောင်ရွက်ပေးနိုင်မှုနှင့် နိုင်ငံတကာနှင့် Rapid Assessment များ ဆောင်ရွက်သွားသင့်သည့် *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။

**❝ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးရာသီကာလသို့မရောက်မီ ပြင်ဆင်ဆောက်လုပ်၍ရသည့် အဆောက်အအုံများကို အမြန်ပြန်လည်တည်ဆောက်သွားရန်လိုပြီး နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် ❞**

*စာမျက်နှာ ၅ မှ*

အခြေအနေများ၊ ပြန်လည်ပြုပြင်ရမည့် အဆောက်အအုံများ၊ လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ဖွဲ့စည်းထားသည့်ကော်မတီ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တည်ဆောက်သွားရန်လိုအပ်မှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အအုံများအနက် အာမခံလုပ်ငန်းများ ဆောင်ရွက်ထားသည့် အဆောက်အအုံများအား အာမခံလျော်ကြေးငွေများရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက် အစီရင်ခံစာတစ်ရပ်ပြုစုနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်မှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာနှင့် အဖွဲ့အစည်းအချို့တို့မှ အကူအညီများပေးအပ်နိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု ပုံရိပ်များနှင့်လိုအပ်သည့် အသိပညာပေးမှုများကို နိုင်ငံပိုင်မီဒီယာလုပ်ငန်းများမှ ထုတ်လွှင့်ပြန်ကြားပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ပြန်လည်ဆယ်တင်မှုများ ဆောင်ရွက်နိုင်ရေး၊ မလိုလားအပ်သည့် ထိခိုက်ဆုံးရှုံးမှုများ ဆက်လက်မဖြစ်ပေါ်လာစေရေး လိုအပ်သည့် အသိပညာပေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေသည့် နေရာများ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်များ ထိခိုက်ပျက်စီးခဲ့ရမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားများကို ပုံမှန်အတိုင်း ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ အရေးပေါ်ကျန်းမာရေး ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ပျက်စီးခဲ့ရသည့် ဆေးရုံများနှင့် ခွဲစိတ်ခန်းများအား အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်လိုအပ်မှု၊ ငလျင်သဘာဝဘေးအလွန်၌ ကူးစက်ကပ်ရောဂါများ ဖြစ်ပေါ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဒေသများအလိုက် သန့်ရှင်းရေးလုပ်ငန်းများနှင့် သန့်ရှင်းသည့် သောက်ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ခေတ်မီစမ်းသပ်ကိရိယာများဖြင့် စစ်ဆေး၍ သာမန်ပြင်ဆင်နိုင်သည့် အဆောက်အအုံ၊ အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံနှင့် ပြုပြင်၍မရဘဲ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သောပျက်စီးမှုများအား မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းသုံးသပ်ခြင်းနှင့် နောင်တွင်ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများအား စနစ်တကျစစ်ဆေးမှတ်တမ်းတင်၍ သက်ဆိုင်ရာဒေသအလိုက် အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် နေရေး၊ စားရေး အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံအမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ငလျင်ဒဏ်ဖြစ်ပေါ်ခဲ့သည့်နေ့မှစ၍ စတင်ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့် လုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြ၍ ညွှန်ကြားချက်များအရ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း မြန်မာနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မည်သည့်အဖွဲ့အစည်းမဆို သီးခြားလွတ်လပ်စွာရပ်တည်၍ ဆောင်ရွက်ခွင့်မရှိဘဲ ကြိုတင်ခွင့်ပြုချက်တောင်းခံထားသည့် အဖွဲ့အစည်းများဖြစ်ရန်လိုပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်ကို မူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများသို့ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ NGO အဖွဲ့အစည်းများကို မိမိတို့ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ငလျင်ဒဏ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မူဝါဒချမှတ်ထားသည့် ပျက်စီးသွားခဲ့သည့် အပျက်အစီးများကို မြန်မြန်ဆန်ဆန် သိမ်းဆည်းသွားရန်၊ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည့် အဆောက်အအုံများကို ပြင်ဆင်သွားရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဟူသည့်လုပ်ငန်းစဉ်များအတိုင်း ငလျင်ဘေးဒဏ်ကို ဆက်လက်ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများ အားလုံးကို မိုးမကျမီ ယာယီအမိုးအကာအောက်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုသဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အလားတူ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် စာသင်ကျောင်းများအစား ယာယီကျောင်း အဆောက်အအုံများဖြင့် ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာတွင် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များထံသို့ သတင်းပေးပို့မှုမရှိဘဲ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းများသည် မလိုလားအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်၍ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရေး၊ ပြည်သူလူထုမှ အစိုးရအပေါ် အယုံအကြည်ကင်းမဲ့စေရေး ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေနေမှုများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ သတင်းပေးပို့သွားကြရန်လိုပြီး မိမိတို့အနေဖြင့် လိုအပ်သည့်ဖြေရှင်းမှုများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေးမှာကြား

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်သွယ်ရေးလမ်းကြောင်းများအားလုံး အမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပအကူအညီများနှင့် ပတ်သက်၍ ဘေးဒဏ်သင့်ဒေသများတွင် အမှန်တကယ်အကူအညီများပေးအပ်လိုသည့် အဖွဲ့အစည်းများရှိသကဲ့သို့ ငလျင်ဘေးဒဏ်ကို အကြောင်းပြု၍ အပြုသဘောမဆောင်သည့် ဝင်ရောက်လာမှုများလည်း ရှိနိုင်သဖြင့် စနစ်တကျစိစစ်၍ လက်ခံသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံးရရှိစေရေး စနစ်တကျစာရင်းပြုစုဆောင်ရွက်သွားရန် လိုကြောင်း၊ စာရင်းများမထပ်စေရေးနှင့် ကျန်နေခဲ့ရသူများမရှိစေရေး၊ မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် ခြေလက်အင်္ဂါ ဆုံးရှုံးခဲ့ရသူများအား စနစ်တကျမှတ်တမ်းပြုစုထားရှိရန်လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဆောက်အအုံများဆောက်လုပ်ရာတွင် သပ်သပ်ရပ်ရပ်ဖြင့် ခိုင်ခိုင်ခံ့ခံ့ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကျောင်းကန်များကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဘုန်းတော်ကြီးကျောင်းများနှင့် ဗလီများကိုလည်း ယခင်ခွင့်ပြုထားသည့်အတိုင်း တည်ဆောက်ခွင့်ပြုရန်လိုကြောင်း၊ အလားတူ ခရစ်ယာန်ကျောင်းများ ပျက်စီးမှုများရှိပါကလည်း ဘာသာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများကို စနစ်တကျဖြင့်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စာသင်ကျောင်းများနှင့်ပတ်သက်၍ မူလတန်းကျောင်းများကို ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံးပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြင်ဆင်ရန်မမီပါက ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသွားရန်လိုကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်မှုမရှိစေရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျ စိစစ်ဆောင်ရွက်နေရန်လိုကြောင်း။

အချက်အလက်များ ကောက်ယူခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများ အမြန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် MSME လုပ်ငန်းများ အမြန်ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းတံတားများပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင်လည်း အင်ဂျင်နီယာပညာရပ်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ "အစကောင်းမှအနှောင်းသေချာ" ဆိုသည့်အတိုင်း စတင်ဆောက်လုပ်စဉ်ကတည်းက ကောင်းမွန်ခိုင်ခံ့အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများနှင့်ပတ်သက်၍ အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြန်လည်တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ ခိုင်ခံ့အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် ပေါ့ပေါ့တန်တန်ဆောင်ရွက်ခဲ့မှုများကြောင့် မလိုလားအပ်သည့် လူ့အသက်ဆုံးရှုံးမှု များစွာပေးဆပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုယ့်အကျိုးအမြတ် တစ်ခုတည်းကိုအဓိကမကြည့်ဘဲ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နောင်တည်ဆောက်မည့်လုပ်ငန်းများတွင် SOP များ ရေးဆွဲထုတ်ပြန်၍ စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နောင်တစ်ချိန်၌ ကြီးမားသောဆုံးရှုံးမှုများမဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပျက်စီးမှုများဖြစ်ပေါ်နေသည့် နေရာများမှ ပစ္စည်းများအား စနစ်တကျရွှေ့ပြောင်းသွားရန်လိုကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အဆောက်အအုံများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များနှင့် စနစ်တကျစစ်ဆေးပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်နေချိန်အတွင်း ပြတိုက်အတွင်းသို့ဝင်ရောက်မှုများကို စနစ်တကျမှတ်တမ်းတင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားစာကြည့်တိုက်ရှိ ပျက်စီးမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် မေ ၅**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နီပေါတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Ashok Raj Sigdel ကလည်းကောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် H.E. Mr. Nurlan Yermekbayev ကလည်းကောင်း၊ အစ်ဆွာတီးနီနိုင်ငံ ဝန်ကြီးချုပ် H.E. Russell Mmiso Dlamini ကလည်းကောင်း၊ သီရိလင်္ကာနိုင်ငံ စိယံနိကာယ မာလ်ဝတ္တဂိုဏ်း (Malwatta Chapter) ၏ မဟာနာယက ဆရာတော် Ven. Tibbatuwawe Sri Siddharatha Sumangala Mahanayaka Maha Thero နှင့် စိယံနိကာယအစ်ဂိရိဂိုဏ်း (Asgiriya Chapter) ၏ မဟာနာယက ဆရာတော် Van. Warakagoda Dhammasiddhi Sri Gnanarathana Mahanayaka Naha Thero တို့ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားရသူများ အားလုံးနှင့်အတူရှိနေပါကြောင်း၊ မြန်မာပြည်သူများ၏ ပူဆွေးသောကကို စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း၊ ကျန်ရစ်သူများအနေဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ ဘုရား၏ အဆုံးအမများနှင့် ဂရုဏာတရား၊ မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ကြပါစေကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့် အမှန်တရားကို နားလည်ထားပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအဓွန့်ရှည် တည်မြဲရေးအတွက် ကြီးမားစွာ ပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင် ဂုဏ်ပြုလျက်ရှိပါကြောင်း၊ အသက်ဆုံးရှုံးမှုများနှင့် များစွာသောပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါကြောင်း၊ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း၊ ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့် သတ္တိရှိကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းတို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဆွေတော်၊**

မကြာသေးမီက မြန်မာနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှု များပြားသည့်ငလျင်လှုပ်ခတ်မှု ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် အလွန်အမင်း ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ၎င်းတို့၏ချစ်ခင်ရသူများ ဆုံးရှုံးခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်များနှင့် ဒုက္ခရောက်သူများအားလုံးကို မိမိက စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုရှိသည့်အချိန်တွင် မြန်မာပြည်သူများ၏ ခွန်အားနှင့် ခံနိုင်ရည်ရှိမှုတို့သည် အမှန်တကယ် လေးစားအားကျဖွယ်ဖြစ်ပါသည်။

အဆွေတော်တို့အနေဖြင့် ခက်ခဲသည့်အချိန်ကို ဖြတ်ကျော်ရာတွင် မိမိတို့အနေဖြင့် ဆုမွန်ကောင်းပို့သလျက်ရှိပါသည်။ မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပြီး အနာဂတ်တွင် အဆွေတော်တို့ လိုအပ်သည့် ခွန်အား၊ နှစ်သိမ့်အားပေးမှုနှင့် ပံ့ပိုးကူညီမှုများကို ရရှိမည်ဟု မိမိတို့ မျှော်လင့်ပါသည်။

**ဗိုလ်ချုပ်ကြီး အာရှော့ ရတ် စစ်ဒယ်**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

မိမိအနေဖြင့် အစ်ဆွာတီးနီဘုရင့်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆွာတီနှင့်မယ်တော်၊ အစ်ဆွာတီးနီနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံတွင် သောကြာနေ့က ဖြစ်ပွားခဲ့သော အင်အားပြင်း ငလျင်လှုပ်ရှားခံရသည့်အတွက် လူပေါင်း ၁၇၀၀ ကျော်သေဆုံးမှုများနှင့် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်မိရပါသည်။

ဝမ်းနည်းပူဆွေးသောကာလတွင် အက်စ်ဝါတီနီနိုင်ငံ ပြည်သူများသည် မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိချစ်ခင်ရသူများ ဆုံးရှုံးခဲ့ရသော မိသားစုများအနေဖြင့် ဤကြီးမားသော ဆုံးရှုံးမှုကြီးကို ဖြတ်သန်းနေချိန်တွင် မိမိကိုယ်စား စာနာထောက်ထားမှုကို ဖော်ပြအပ်ပြီး ဒဏ်ရာရရှိသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရပ်ဆဲလ် မီဆို ဒလာမီနီ**
**အစ်ဆွာတီးနီဘုရင့်နိုင်ငံ၊ ဝန်ကြီးချုပ်**

---

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ မေ ၆ ရက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကာ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဆွေတော်ခင်ဗျား၊**

မြန်မာနိုင်ငံတွင် မကြာသေးမီက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာထောက်ထားကြောင်းဖော်ပြလျက်ပြည်သူများအားလုံးအမြန်ဆုံးပြန်လည်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်းလည်း ဖော်ပြအပ်ပါသည်။

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ်**
**Mr.Nurlan Yermekbayev**

---

သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ရှိစိယံမဟာနိကာယ မာလ်ဝတ္တဂိုဏ်းနှင့် အစ်ဂိရိဂိုဏ်း သံဃာတော်များသည် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများကို ကြားသိရသည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီး မန္တလေးမြို့မတည်မငြိမ်ဖြစ်ခဲ့ရသည်ကို ကြားသိရပါသည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံလက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲများအပေါ် ဗုဒ္ဓဘာသာဝင် အသိုက်အဝန်း တစ်ရပ်လုံးကိုယ်စားဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့်မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအဓွန့်ရှည် တည်မြဲရေးအတွက် ကြီးမားစွာ ပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင် ဂုဏ်ပြုလျက်ရှိပါသည်။

လွန်ခဲ့သောလေးရာစုကတည်းက နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ဘာသာရေးဆိုင်ရာ ဆက်ဆံရေးစတင်ခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအသီးသီးတွင် ဗုဒ္ဓဘာသာထွန်းကားမှုအားနည်းနေချိန်တွင်လည်း နှစ်နိုင်ငံလုံး၏နယ်မြေအသီးသီးတွင် ဗုဒ္ဓဘာသာပြန့်ပွားရေးကြိုးပမ်းရာတွင် နီးကပ်သော ဆက်ဆံရေးရှိခဲ့ပါသည်။ သီရိလင်္ကာ ဗုဒ္ဓစွယ်တော်တိုက်နှင့် ပြည်သူများအတွက် လှူဒါန်းခဲ့ကြသော မြန်မာမဟာသံဃာများနှင့် အလှူရှင်များအား ကျေးဇူးတင်ရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့် အမှန်တရားကို နားလည်ထားပါသည်။ ယင်းအမှန်တရားသည် အခိုက်အတန့်တိုင်းကို တန်ဖိုးထားရန်နှင့် ဒုက္ခများကြားတွင် အားအင်ရှိရန် အားပေးကူညီလျက်ရှိပါသည်။ အသစ်တဖန် ဖြစ်တည်ခြင်းနှင့် ပျက်စီးခြင်းသံသရာကို မိမိတို့ အသိအမှတ်ပြုပါသည်။ ခွန်အားနှင့် ခံနိုင်ရည်ရှိမှုကို ပြုစုပျိုးထောင်ခြင်းသည် ရှေ့ဆက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ထို့ကြောင့် ကာလရှည်ကြာလျက်ရှိသော ကျောင်းတိုက်များအကြား ဆက်နွှယ်မှုအရ မြန်မာပြည်သူများနှင့်အတူ မိမိတို့ရပ်တည်လျက်ရှိပါသည်။ ဤဝမ်းနည်းဖွယ်အချိန်ကာလတွင် မိမိတို့သည် ထိခိုက်ခံစားရသူများအတွက် ပံ့ပိုးကူညီသွားရန် သန္နိဋ္ဌာန်ချထားပါသည်။

ဤဖြစ်ရပ်ဆိုးကြောင့် ကွယ်လွန်သူအပေါင်း နိဗ္ဗာန်ချမ်းသာကို ရကြပါစေကြောင်းနှင့် ချစ်ခင်ရသူများကို ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရသူများသည် ယခုခံစားရသည့်ဝေဒနာကို ကြံ့ကြံ့ခိုင်ကျော်လွှားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလေးနက်ဆုံးစာနာထောက်ထားမှုနှင့်အတူ အစဉ်အားပေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မဟာနာယကဆရာတော် သိဗ္ဗတုဝဝှေ သီရိသိဒ္ဓတ္ထ သုမင်္ဂလ**
**စိယံနိကာယ မာလ်ဝတ္တဂိုဏ်းချုပ်ဆရာတော်**
**ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ**

**မဟာနာယကဆရာတော် ဝရကာဂေါဒ ဓမ္မသိဒ္ဓိ သီရိညာဏရတန**
**စိယံနိကာယ အစ်ဂိရိဂိုဏ်းချုပ်ဆရာတော်**
**ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုအမှတ်တရတံဆိပ်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူစဉ်။

- ❑ **ထိုင်းနိုင်ငံအနေဖြင့် မတ် ၃၀ ရက်တွင် လေယာဉ်နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း စုစုပေါင်း ၄၃၇၂ ကီလိုဂရမ်၊ ဧပြီ ၁ ရက်တွင် လေယာဉ်နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၂၂၄၀၀ ကီလိုဂရမ်၊ ဧပြီ ၃ ရက်တွင် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၄၇၀၀ ကီလိုဂရမ် စုစုပေါင်း လေယာဉ်ငါးခေါက်ဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၃၆၄၆၂ ကီလိုဂရမ်ကို ကူညီပို့ဆောင်ပေးခဲ့**
- ❑ **နိုင်ငံအလိုက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်မှုအနေဖြင့် ယနေ့အထိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ လာရောက်ကူညီမှုများတွင် ထိုင်းနိုင်ငံအနေဖြင့် အရေးပေါ်ကူညီထောက်ပံ့ပြီး နောက်ပိုင်း ၃၆ နာရီအတွင်း လာရောက်ကူညီပေးသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်၊ ထို့အတွက်လည်း မြန်မာနိုင်ငံအနေဖြင့် အထူးမှတ်တမ်းတင်ဂုဏ်ပြု**

❁ *ကျောဖုံးမှ*

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဒေသများတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးအဆင့်ရှိ အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ လှုပ်ခတ်ခဲ့သည့် နေရာအနေဖြင့် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာတွင် ဗဟိုပြုပြီး မြေအောက် ၁၀ ကီလိုမီတာအနက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းငလျင်နှင့် ဆက်စပ်၍ နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများအနေဖြင့် ယနေ့အထိ ၇၉ ကြိမ် လှုပ်ခတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအနေဖြင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် နေပြည်တော်တို့တွင် ပျက်စီးမှုများ များပြားခဲ့ပြီး လက်ရှိအချိန်အထိ စာရင်းများအရ ၃၄၅၅ ဦး သေဆုံးကြောင်းနှင့် ၄၈၄၀ ဦး ဒဏ်ရာရရှိပြီး ၂၁၄ ဦး ပျောက်ဆုံးနေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အရေးပေါ်အခြေအနေသတ်မှတ်၍ နိုင်ငံတကာသို့ အကူအညီပေးရေး ဖိတ်ခေါ်မှုများကို မတ် ၂၈ ရက် ညပိုင်းတွင် နိုင်ငံပိုင်ရုပ်သံများမှ တစ်ဆင့် ထုတ်လွှင့်ပြောကြားခဲ့ကြောင်း။

ပြည်ထောင်စုနယ်မြေအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ၆၅၂ ဦး သေဆုံးခဲ့ပြီး ၈၅၃ ဦး ဒဏ်ရာရ၍ ကိုးဦးပျောက်ဆုံးခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုအနေဖြင့် လူနေအိမ် ၉၀၂ အိမ်၊ ဘုန်းတော်ကြီးကျောင်း ၂၀၆ ကျောင်း၊ စာသင်ကျောင်း ၃၉ ကျောင်း၊ ဌာနဆိုင်ရာ ၁၉ ခု၊ တံတားတစ်စင်း၊ ဘုရားစေတီ ၂၉၃ ခုနှင့် အခြား အဆောက်အအုံပြိုကျမှု ၂၇၅ လုံးတို့ ထိခိုက်ပျက်စီးခဲ့သည်ဟု စာရင်းဇယားများအရ ကနဦးသိရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာနားလည်မှုများနှင့် အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ၇ ရက်ကို သတ်မှတ်ကြေညာထားပြီး ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ကြေညာခဲ့ပြီးဖြစ်ကြောင်း။

**၃၆ နာရီအတွင်း လာရောက်ကူညီပေးသည့် အိမ်နီးချင်းကောင်းနိုင်ငံ**

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ခပ်ကျောင်ဆပ် ပူဖိုတောင်ဦးစီးသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၅၅ ဦး၊ ထိုင်းသံရုံးမှ တာဝန်ရှိသူငါးဦး စုစုပေါင်း ၆၀ ဦးနှင့်အတူ အထောက်အကူပြု ပစ္စည်းများ စုစုပေါင်း ၄၉၉၀ ကီလိုဂရမ် ပါဝင်သော C-130 လေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်မှ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၃၆ နာရီအတွင်း ဆဋ္ဌမမြောက်ဆိုက်ရောက်ကူညီပေးခဲ့သည့် နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မတ် ၃၀ ရက်တွင် လေယာဉ်နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း စုစုပေါင်း ၄၃၇၂ ကီလိုဂရမ်၊ ဧပြီ ၁ ရက်တွင် လေယာဉ်နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၂၂၄၀၀ ကီလိုဂရမ်၊ ဧပြီ ၃ ရက်တွင် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၄၇၀၀ ကီလိုဂရမ် စုစုပေါင်း လေယာဉ်ငါးခေါက်ဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၃၆၄၆၂ ကီလိုဂရမ်ကို ကူညီပို့ဆောင်ပေးခဲ့ကြောင်း၊ နိုင်ငံအလိုက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်မှုအနေဖြင့် ယနေ့အထိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ လာရောက်ကူညီမှုများတွင် ထိုင်းနိုင်ငံအနေဖြင့် အရေးပေါ်ကူညီထောက်ပံ့ပြီးနောက်ပိုင်း ၃၆ နာရီအတွင်း လာရောက်ကူညီပေးသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်ကြောင်း၊ ထို့အတွက်လည်း မြန်မာနိုင်ငံအနေဖြင့် အထူးမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ အဆိုပါထိုင်းနိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့သည် မတ် ၃၀ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ထိုနေ့ ညနေ ၃ နာရီမှစ၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော အန္တရာယ်ရှိ အဆောက်အအုံများ၏ အောက်ခြေ၌ ပိတ်မိနေသူများ၏အသက်ကို ကယ်ဆယ်နိုင်ရေးအတွက် အဆင့်မြင့် စက်ကိရိယာများဖြင့် စမ်းသပ်ရှာဖွေ ကယ်ဆယ်မှုများကို မတ် ၃၁ ရက် နံနက် ၄ နာရီအထိ အစွမ်းကုန်ကြိုးပမ်း ရှာဖွေကယ်ဆယ်ခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

ထို့ပြင် အရေးပေါ်ဆေးကုသရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဖယ်နူဝပ်ဦးဆောင်သော ၁၈ ဦး အဖွဲ့သည် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် တွေ့ဆုံကာ လူနာများနှင့်ပတ်သက်၍ အရေးပေါ်ဆေးကုသရေးဆိုင်ရာ လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေး၍ ဒဏ်ရာရလူနာများကို လိုက်လံကြည့်ရှုအားပေးခြင်း၊ မတ် ၃၁ ရက်တွင် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများ၌ ရှာဖွေကယ်ဆယ်ရေးများ ထပ်မံကြိုးစားဆောင်ရွက်ခဲ့မှုများအတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ အဆိုပါနေ့မှာပင် အဆောင်အမှတ် ၂၃၈၆ နှင့် ၂၃၈၇ တို့အနီးရှိ မြေကွက်လပ်၌ Mobile Clinic ဖြင့် ဝန်ထမ်းမိသားစုနှင့် မှီခိုသူ ၃၆ ဦးတို့ကို ဆေးကုသပေးခြင်း၊ မေ ၁ ရက်တွင် ပျဉ်းမနားမြို့ ရန်အောင် (၁) ရပ်ကွက်ရှိ ဓမ္မာရုံ၌လည်းကောင်း၊ မေ ၂ ရက်တွင် လယ်ဝေးမြို့ အမှတ် (၆) ရပ်ကွက်ရှိ ဓမ္မာရုံ၌လည်းကောင်း Mobile Clinic ဖြင့် ပြည်သူ ၁၇၅ ဦးအား ဆေးကုသပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသမှုအပြင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်နှင့် ဂျာမေဗလီ အမှတ်(၃) ရပ်ကွက်ရှိ ဗုဒ္ဓရက္ခိတ ဘုန်းတော်ကြီးကျောင်းတို့တွင်လည်း စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ခြင်းတို့အတွက် အထူးပင်ကျေးဇူးတင်ပါကြောင်း။

ထို့အပြင် သေဆုံးသွားသော လယ်ဝေးမြို့ အမှတ်(၆) ရပ်ကွက်နေ ဒေါ်ညို၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ တပ်ကုန်းမြို့နယ်အတွင်း ငလျင်ဒဏ်ခံစားရသော မြောက်မြိုက် အရှေ့ကျေးရွာသို့ သွားရောက်၍ ရွာသူ ရွာသား ၈၄ ဦးအား ဆေးကုသမှုများနှင့် စားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးအပ်ခြင်း၊ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ရွာသူရွာသား ၁၅၆ ဦးအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည့်အပြင် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ ငလျင်ဒဏ်ခံစားခဲ့ရသော ကျည်တောင်ကျေးရွာ၊ မွန်းတည့်ခွင်ကျေးရွာနှင့် စည်ပင်သာယာကျေးရွာတို့မှ ရွာသူရွာသားများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းတို့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျေးဇူးအထူးတင်ရှိ**

ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ကူညီကယ်ဆယ်မှုများ လာရောက်ဆောင်ရွက်ပေးနေချိန်တွင် ထိုင်းနိုင်ငံအတွင်း၌လည်း မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ၇ ဒသမ ၄ ရစ်(ခ်)တာစကေးရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဗန်ကောက်မြို့တော် ဘန်ဆူးမြို့နယ်ရှိ တည်ဆောက်ဆဲ မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံပြိုကျမှုဖြစ်စဉ်တွင် အလုပ်သမား ၁၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရကိုးဦးနှင့် ၇၆ ဦးခန့် ပျောက်ဆုံးလျက်ရှိခြင်းအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းကိုလည်း ကြားသိရကြောင်း၊ အဆောက်အအုံပြိုကျမှုကိုလည်း Online မှ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ထိုင်းနိုင်ငံအတွင်းတွင် ဖြစ်စဉ်ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံကို စာနာစိတ်ဖြင့် လာရောက်ကူညီကယ်ဆယ်ပေးခြင်းအတွက် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ရာမဘုရင် Maha Vajiralongkorn၊ မိဖုရား Queen Suthida၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mrs. Paeton-gtarn Shinawatra၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Songwit Noonpack-dee၊ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ် Gen. Pana Klaewblaudtuk နှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E. Mongkol Visitstump တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေး စေလွှတ်ပေးသည့် ထိုင်းဝန်ကြီးချုပ် Mrs. Paetongtam Shinawatra ဦးစီးသည့် ထိုင်းနိုင်ငံ အစိုးရအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်တို့ကိုလည်း ထပ်မံ၍ ကျေးဇူး အထူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အနေဖြင့်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း အဆင်မပြေမှုများနှင့် အခက်အခဲများရှိပါက စာနာနားလည်မှု ပေးစေလိုကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံသားများအား ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများပေးအပ်ခြင်းနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းတို့အတွက် မြန်မာနိုင်ငံသားများကိုယ်စားနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြု အမှတ်တရတံဆိပ်ပေးအပ်သည်။ ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level–ASR Level) များအနေဖြင့် အဆင့် (၁) ဘေးအန္တရာယ် ထိခိုက်ခံရသောဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိ စိစစ်ခြင်း (Wide Area Assessment)၊ အဆင့် (၂) Wide Area Assessment ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များ အပေါ်မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အပိုင်းများ ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၃)ဘေးဒုက္ခရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေး အဆင့်အတန်းအလိုက် ကယ်ဆယ် ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသော လူနာများအား ရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့် (၄) ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိနေသော လူနာများ ထပ်မံကျန်ရှိမှု ရှိ/မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာဖြင့် ပစ္စည်းများအသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့် (၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်/ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ၎င်းတို့တာဝန်ယူဆောင်ရွက်ရသည့်အဆောက်အအုံများတွင် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် အဆင့် (၄) (ASR Level 4) အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့အသစ်တစ်ဖွဲ့လည်း ထပ်မံလာရောက်မည်ဖြစ်သည့်အတွက် တာဝန်လဲလှယ်ထမ်းဆောင်ခြင်းဖြစ်ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ မြန်မာနိုင်ငံသို့ လာရောက်

# အာဆီယံမိသားစုအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ အလယ်ပိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်ထိခိုက်ခံစားခဲ့ရသည့် မြန်မာပြည်သူများနှင့်အတူတကွရပ်တည်ကြောင်းကို ပြသသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတိုမိုဟာမက်ဟာဆမ်နှင့်ထိုင်းနိုင်ငံခြားရေးဝန်ကြီး မာရစ် ဆတ်ငီရမ်ဖုန်တို့သည်နေပြည်တော်သို့ မေ ၅ ရက်တွင် ပူးတွဲခရီးစဉ်လာရောက်ခဲ့သည်။



ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ လာရောက်၍ မြန်မာပြည်သူများအား ထောက်ထားစာနာမှုနှင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အကူအညီများအား အချိန်နှင့်တစ်ပြေးညီ ပေးပို့စေလွှတ်ခဲ့သည့် အာဆီယံနိုင်ငံများ၏ လူသားချင်းစာနာမှုဆောင်ရွက်ချက်များကို အထူးလေးစားမိပါကြောင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ကာလလွန်ပြီးသည့်နောက်ပိုင်းတွင် ထိခိုက်ခံစားရသည့် ဒေသများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် ရွှေ့လျားဆေးရုံများနှင့်ကျန်းမာရေးအထောက်အပံ့ပစ္စည်းများ၊ ရေထောက်ပံ့မှုစနစ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဆက်လက်ကူညီပံ့ပိုးပေးပါရန် အတွက်လည်း မေတ္တာရပ်ခံခဲ့သည်။

မလေးရှားနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့က အာဆီယံမိသားစုအနေဖြင့် မြန်မာနိုင်ငံ၏ပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများ၌ လိုအပ်ချက်များကို ဆက်လက်ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း၊ အာဆီယံ ဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုအကူအညီ ညှိနှိုင်းရေးဗဟိုဌာန (AHA Centre)၏ ပံ့ပိုးမှုဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်နိုင်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြကြောင်း **(အပေါ်ဝဲပုံ)** သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ငလျင်ဘေးသင့် မြန်မာ့ကျောက်မျက်ပြတိုက်မှ ခင်းကျင်းပြသထားသောပစ္စည်းများ ပြောင်းရွှေ့နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဘေးသင့် မြန်မာ့ကျောက်မျက်ပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း ဘေးအန္တရာယ်ကင်းစွာ ဝင်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှင်းလင်းဆောင်ရွက်နေမှုနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ အဖိုးတန်ခဲတတ်သတ္တုများ ခင်းကျင်းပြသထားရှိရာ ပြတိုက်အပေါ်ထပ်အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြတိုက်အပေါ်ထပ်မှ ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ အဖိုးတန်ခဲတတ်သတ္တုများ ရွှေ့ပြောင်းသယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး လူအန္တရာယ်မဖြစ်စေရေးနှင့် ပစ္စည်းများပျောက်ဆုံးမှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် အထူးကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများအား ပြောင်းရွှေ့နေရာချထားမှု၊ ကူညီထောက်ပံ့ရေး ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန ရုံးများသို့ သွားရောက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ ရွှေ့ပြောင်းနေရာချထားသော ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီနေထိုင်မည့်နေရာများသို့ တပ်မတော်သားများ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် ပြောင်းရွှေ့နေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငလျင်ဘေးသင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများဖြစ်သည့် ခနသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၁၂၀၃၊ ၁၃၂၈၊ ၁၃၂၁၊ ၁၃၇၂၊ ၁၃၇၇၊ ၁၃၉၅၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ တိုက်အမှတ် ၁၀၇ တို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအား ယာယီပြောင်းရွှေ့မည့်နေရာများသို့ တပ်မတော်သားများက တပ်မတော်မော်တော်ယာဉ်များဖြင့် ပြောင်းရွှေ့ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်မိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်မည့်





နေရာများတွင် နေရာချထားမည့်အခြေအနေ၊ သောက်သုံးရေစီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေ၊ သန့်စင်ခန်းများ ဆောင်ရွက်ပေးမည့်အခြေအနေနှင့် ဝန်ထမ်းများရုံးလုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ရေး ကြို/ပို့ စီစဉ်ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို ဆွေးနွေးစွာရင်းရင်းနှီးနှီး ပြောကြားပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားသွားကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြောင်းရွှေ့နေထိုင်မည့် ဝန်ထမ်းမိသားစုများ၏ အသုံးအဆောင်ပစ္စည်းများကို တပ်မတော်သားများနှင့် ဝန်ထမ်းမိသားစုများက မော်တော်ယာဉ်များပေါ်သို့ စနစ်တကျတင်ဆောင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ပြည်တွင်း/ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ပြီး လှူဒါန်းပစ္စည်းများအား ဝန်ထမ်းမိသားစုများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၌ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဇဟိုအသင်း၊ HAGL Myanmar Co., Ltd. နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များက လာရောက်လှူဒါန်းသည့် မီးစက်၊ ရေသန့်စက်၊ အစားအသောက်နှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများကို လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်ကာ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံသို့ ဖြန့်ဝေလွှဲပြောင်းပေးအပ်ပါသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ငလျင်ဘေးကြောင့်ပြိုကျပျက်စီးသော အေးချမ်းသာဟိုတယ်သို့ သွားရောက်ပြီး တူကီယဲနိုင်ငံ GEA Search and Rescue မှ ကူညီကယ်ဆယ်ရေး အဖွဲ့အား



တွေ့ဆုံ၍ ယခုကဲ့သို့ လူသားချင်း စာနာထောက်ထား ကူညီပေး ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံသားများနှင့် ဝန်ကြီးဌာန ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားကာ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ထမ်းများ ယာယီထားရှိရာ စုရပ်များသို့ သွားရောက်ကာ ပြည်တွင်းပြည်ပ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အစားအသောက်နှင့် ထောက်ပံ့ရေး ပစ္စည်းများအား ဝန်ထမ်းများနှင့် မိသားစုဝင်များထံသို့ လွှဲပြောင်းပေးအပ်ပြီး ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ချောင်းမငယ်ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေ၊ ချောင်းမငယ်ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်၍ စိုက်ပျိုးရေပေးဝေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် ချောင်းမငယ် ရေလှောင်တမံ ကြံ့ခိုင်မှု အခြေအနေ၊ ချောင်းမငယ် ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်၍ စိုက်ပျိုးရေပေးဝေမှု အခြေအနေများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူက အင်အားပြင်းငလျင်လှုပ်ခတ်ပြီး ချောင်းမငယ်ရေလှောင်တမံနှင့် ပတ်သက်၍ ကြံ့ခိုင်မှုကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာစစ်ဆေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှု အခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန်နှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချောင်းမငယ် ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများ အချိန်မီ အပိုင်းလိုက် ပြန်လည်စိုက်ပျိုးရေပေးဝေနေမှု၊ စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် တူးမြောင်းနှင့် တူးမြောင်း အဆောက်အအုံများအား ယာယီအစီအစဉ်ဖြင့် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အပိုင်းအလိုက် စိုက်ပျိုးရေ အမြန်ဆုံးပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးပြီးလယ်ယာမြေများ၌ ငလျင်ဒဏ်ကြောင့် သဲဗွက်ထနေရာများတွင် ပျိုးပင်များပျက်စီးမှုအတွက် အမြန်ဆုံးပြန်လည်ဖာထေးနိုင်ရေး၊ ကောက်ကွက်ပြည့်ရေး၊ အထွက်နှုန်းလျော့ကျမှုမရှိစေရေး၊ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လယ်ကွင်းများအတွင်း စိုက်ပျိုးရေ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ချောင်းမငယ်ဆည်ရေသောက်စနစ် မြောင်းမကြီး၊ လက်တံမြောင်းနှင့် လက်တံမြောင်းခွဲတို့ရှိ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများအား တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီးဖြစ်၍ မူလလျာထားနွေစပါး ဧက ၅၀၀၀ အနက်မှ နွေစပါးဧက ၁၉၀၀ ကို စိုက်ပျိုးရေပြန်လည်ပေးဝေလျက်ရှိပြီး ကျန်ရှိနေသည့် နွေစပါး စိုက်ဧကများအား မေ ၁၀ ရက် မတိုင်မီ စိုက်ပျိုးရေ အပြည့်အဝ အမြန်ဆုံးပြန်လည် ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလားတူ မဒန်းဆည်ရေသောက်စနစ် မြောင်းမကြီး၊ လက်တံမြောင်းနှင့် လက်တံမြောင်းခွဲတို့ရှိ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများအား တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီး အပိုင်းလိုက် စိုက်ပျိုးရေပေးဝေလျက်ရှိရာ မူလလျာထားနွေစပါး ဧက ၂၂၇၀ အနက်မှ နွေစပါးဧက ၁၁၀၀ ကို စိုက်ပျိုးရေပြန်လည်ပေးဝေလျက်ရှိပြီး ကျန်ရှိနေသည့် နွေစပါး စိုက်ဧကများအား မေ ၁၀ ရက် မတိုင်မီ စိုက်ပျိုးရေ အပြည့်အဝ အမြန်ဆုံး ပြန်လည်ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ စာသင်ကျောင်းများပျက်စီးမှုအခြေအနေ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ၏ ယာယီစုပေါင်းနေထိုင်ရာစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် အဆိုပါစခန်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပညာရေးအိမ်ရာရှိ ပညာရေးဓမ္မာရုံနှင့် Naypyitaw State Academy သို့သွားရောက်၍ ပြင်းထန်လျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ ထောက်ပံ့လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ပြင်းထန်သည့် ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများအား အဆင့်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။



ယင်းနောက် အဆိုပါကျောင်းရှိ ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ဆရာဆရာမများ၏ နေထိုင်နိုင်မှု၊ ရေမီးရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှုအခြေအနေများ ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် အခြေခံပညာကျောင်းများ ပျက်စီးထိခိုက်ခဲ့သော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်းမထိခိုက်စေရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရာ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့် Naypyitaw State Academy သို့ သွားရောက်ပြီးအားပေးစကားပြောကြားကာ China Foundation for Peace and Development(CFPD) နှင့် China–Myanmar Economic Cooperation Development Promotion Association(CMECDPA) တို့က ပညာရေးဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည့် စားသောက်ဖွယ်ရာများနှင့် အသုံးဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ၊ မိသားစုများထံ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းတွင် လူများနေထိုင်ရန်အတွက် ယာယီတဲများ အသင့်ပြင်ဆင်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျော်ဘွယ်မြို့နယ်ရုံးနှင့် ရမည်းသင်းခရိုင်ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျော်ဘွယ်မြို့နယ်ရုံး(ယာယီ) နှင့် ရမည်းသင်းခရိုင်ရုံးများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆက်လက်ထိခိုက်မှုမရှိရေး၊ အန္တရာယ်ကင်းရေးနှင့် အရေးကြီးဆောင်ရွက်ရန် ရှိသည်များကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆန်၊ ကြက်ဥ၊ ခေါက်ဆွဲစသည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးမြင့်စိုး ငလျင်ဘေးကြောင့် ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းစံပြကျေးရွာသို့ သွားရောက်ပြီး အမြင့်တင်ရေစင် ငလျင်ကြောင့် ပြိုကျပျက်စီးမှုကိုလည်းကောင်း၊ ကျေးရွာခန်းမ နံရံပြိုကျပျက်စီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ရေစင်ပြန်လည်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငလျင်ဘေးသင့် ပြည်သူများအတွက် ဆန် ခြောက်ပြည်အိတ် ၃၁ အိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံနှင့် မွမ်းမံအပ်ချုပ်သင်တန်းတက်ရောက်အောင်မြင်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ်ဆောင်ရွက်နေသော ဖူးပြည့်အပ်ချုပ်ဆိုင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု ကွေ့ကြီးကျေးရွာရှိ အမြင့်တင်ရေစင် ငလျင်ကြောင့် ထိခိုက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစင်ပြန်လည်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကွေ့ကြီးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမင်းမင်း၏ ဂေါ်ဖီ၊ ကြံ၊ ငရုတ်၊ ပြောင်းဖူး၊ စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ငလျင်ဘေးသင့် အသင်းသားတောင်သူများအတွက် ဆန်ခြောက်ပြည်အိတ်သုံးအိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေသော ဝန်ထမ်းလိုင်းခန်း တည်ဆောက်နေမှုနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက်အမှတ် (၂၆၈)နှင့် (၂၆၉)တို့တွင် ဌာနအင်ဂျင်နီယာများက တိုက်ကြံ့ခိုင်ရေး အကြိုစစ်ဆေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးရုံးအပါအဝင် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြံ့ခိုင်မှုအနေအထားကို အကြိုစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ယာယီရုံးခန်းများအား ကြည့်ရှု

**နေပြည်တော် ဧပြီ ၅**

စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရုံးအမှတ်(၃၀)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့် အချိန်မှစ၍ စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဝန်ထမ်းများ လတ်တလောစားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေးအတွက် သောက်ရေသန့်နှင့် အစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆိုလာမီးအိမ်များကို ဝန်ထမ်းများ လက်ဝယ်အရောက် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့ပြင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ ၁၆ ခုမှ ငွေကျပ် ၅၈၈၅ သိန်း လှူဒါန်းသဖြင့် ဝန်ထမ်းများအား သာတူညီမျှမှုရှိအောင် ထောက်ပံ့ပေးအပ်နိုင်ရေး တာဝန်ရှိသူများက စနစ်တကျစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီ ခုနစ်ခုမှ ဆန်၊ ဆီ၊ ရေသန့်နှင့် အစားအစာကို ထောက်ပံ့လှူဒါန်းထားကြောင်း၊ နေပြည်တော်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် မန္တလေးမြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် သေဆုံးပါက တစ်ဦးလျှင် ကျပ် ခုနစ်သိန်း၊ ဒဏ်ရာရရှိပါက ကျပ်သုံးသိန်းစီ ထောက်ပံ့ကူညီပေးခဲ့ပြီး ဧပြီ ၄ ရက်အထိ ငွေကျပ် ၂၀၆၈ ဒသမ ၄ သိန်းအား ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရေးအတွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ဝန်ထမ်းမိသားစု ၁၁၈ စု၊ လူဦးရေ ၃၅၀ ကို ပြောင်းရွှေ့နေရာချထားပေးပြီး ၎င်းတို့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းအင်အားစာရင်းများကို ပြုစုထားရန်နှင့် အမြန်ဆုံးနေရာချထားနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်နှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ယာယီရုံးခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး၊ ဝန်ထမ်းများ ခေတ္တနေထိုင်နိုင်ရေးအတွက် အဆောင်များပြင်ဆင်နေမှု၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဆင့်မြင့်ဈေးအတွင်းရှိ Gold Twin Tigers Trading Co., Ltd. ၏ JIDU EV အရောင်းပြခန်းတွင် ဝန်ထမ်းများ ထားရှိနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကြာပင်ရပ်ကွက်ရှိ အားကစားရုံ၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံတွင် အိမ်သုံးစက်ရုံ(မင်းစု)မှ ထုတ်လုပ်သည့် ခုတင်များ တပ်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဧပြီ ၅**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့ မိုးကောင်းဘုရားကြီး ပရိဝုဏ်အတွင်းနှင့် နောင်ယားကန်သာ သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မိုးကောင်းဘုရားကြီး ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ကုသိုလ်ပြုသန့်ရှင်းရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် ဘုရားပရိဝုဏ်အတွင်း တည်ထားသည့် စေတီတော်၊ ရင်ပြင်နှင့် တံခွန်တိုင်၊ ဂြိုဟ်တိုင်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး၊ မိုးကောင်းဘုရားကြီးမြေမှာရုံ မျက်နှာကြက်များ ပြုပြင်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နောင်ယားကန်သာ သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူများ အပန်းဖြေအနားယူလည်ပတ်နိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး နောင်ယားကန်တံတား ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းရန်နှင့် ကန်ပတ်ဝန်းကျင်တွင် ဆောင်ရွက်ထားသည့် မြေယာရှုခင်းများ စနစ်ကျလှပရေး စဉ်ဆက်မပြတ် ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အား ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ ရထားခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၅**

မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တစ်လျှောက်တွင် တာပေါင်ပျက်စီးမှု ၆၀ နေရာနှင့် ရထားတံတား ၁၁ စင်းတို့ ပျက်စီးခြင်း၊ အချို့နေရာများတွင် သံလမ်းများ တွန့်လိမ်သွားခြင်းတို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် အဆိုပါ ပျက်စီးမှုများကို လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက် ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



မြန်မာ့မီးရထားအနေဖြင့် အဆိုပါ ပြုပြင်ပြီးစီးသည့် ရထားလမ်းပိုင်းတစ်လျှောက် ဧပြီ ၃ ရက်တွင် ကုန်ရထားများဖြင့် လမ်းပိုင်းကြံ့ခိုင်ရေးအခြေအနေကို စမ်းသပ်ခြင်း၊ ဧပြီ ၄ ရက်တွင် လူစီးရထားများဖြင့် ရထားအမြန်နှုန်း စမ်းသပ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် ရထားများပြေးဆွဲရန် စိတ်ချရပြီဖြစ်၍ ဧပြီ ၅ ရက် နံနက်ပိုင်းမှ စတင်က လူစီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးပြီဖြစ်သည်။

ထိုသို့ပြန်လည်ပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာသည့် အဆန်ရထားများအနေဖြင့် အမှတ် (၁၁)အဆန် အမြန်ရထားသည် နံနက် ၅ နာရီတွင် မန္တလေးမြို့သို့လည်းကောင်း၊ အမှတ်(၇) အဆန် DEMU အမြန်ရထားသည် နံနက် ၆ နာရီတွင် နေပြည်တော်သို့ လည်းကောင်း ထွက်ခွာသည်။ အလားတူပင် မန္တလေးမြို့မှ စတင်ထွက်ခွာသည့် အစုန်ရထားများအနေဖြင့် အမှတ်(၁၂) အစုန် အမြန်ရထားသည် နံနက် ၅ နာရီတွင် ရန်ကုန်မြို့သို့လည်းကောင်း၊ အမှတ်(၂၈)အစုန်လေအိတ်အမြန်ရထားသည် နံနက် ၆ နာရီတွင် နေပြည်တော်သို့ လည်းကောင်း အသီးသီး ထွက်ခွာကြသည်။ ထို့အတူ အမှတ် (၈)အစုန် DEMU အမြန်ရထားသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့သို့လည်းကောင်း၊ အမှတ် (၂၇) အဆန် လေအိတ် အမြန်ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးမြို့သို့လည်းကောင်း အသီးသီး ထွက်ခွာကြသည်။ ထို့ပြင် ရန်ကုန်-ပြည်ခရီးစဉ်နှင့် ရန်ကုန်-မော်လမြိုင် ခရီးစဉ်များကိုလည်း နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

လေကြောင်း ပို့ဆောင်ရေးကဏ္ဍအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြည်တွင်းခရီးစဉ်များ ဧပြီ ၄ ရက်မှ စတင်ပြေးဆွဲခွင့်ပြုထားပြီး ဖြစ်ရာ ဧပြီ ၅ ရက်တွင် ပြည်တွင်း လေကြောင်းလိုင်း လေးလိုင်းမှ စုစုပေါင်း ခရီးစဉ် ၁၃ ခေါက် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီး အဝင်ခရီးသည် ၃၉၉ ဦး၊ အထွက်ခရီးသည် ၅၇၃ ဦး စုစုပေါင်း ခရီးသည်၉၇၂ဦးသယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစ္စရေးအပေါ် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ နေတန်ယာဟု အိမ်ဖြူတော်၌ ထရမ့်နှင့် တွေ့ဆုံမည်

**ဂျေရုဆလင် ဧပြီ ၅**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဧပြီ ၇ ရက်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံမည်ဟု မျှော်လင့်ထားကြောင်း အစ္စရေးနိုင်ငံပိုင် ကန်တီဗွီနယူးစ်တွင် ဧပြီ ၅ ရက်က ဖော်ပြထားသည်။

ထရမ့်၏ အပြန်အလှန် အခွန်စည်းကြပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အစ္စရေးကုန်ပစ္စည်းများအပေါ် ၁၇ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုကို ဆွေးနွေးသွားရန် မျှော်လင့်ထားကြောင်း အဆိုပါတီဗွီချန်နယ်တွင် ဖော်ပြထားသည်။

နေတန်ယာဟုသည် လတ်တလောတွင် ဟန်ဂေရီသို့ရောက်ရှိနေရာ ဘူဒါပက်မြို့မှ နေ၍ အမေရိကန်သို့ထွက်ခွာမည်ဟု အစ္စရေးသတင်းဝက်ဘ်ဆိုက်ဖြစ်သည့် ဝါလာသတင်းတွင် ဖော်ပြထားသည်။

ထရမ့်၏ အခွန်စည်းကြပ်မှုကို မကြေညာမီ တစ်ရက်အလိုကပင် အစ္စရေးသည် အမေရိကန်မှ သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုအားလုံးကို ရုပ်သိမ်းခဲ့ပြီးဖြစ်သော်လည်း ယင်းသို့ ပြုလုပ်ခြင်းဖြင့် အစ္စရေးအပေါ် ထရမ့်၏ အခွန်စည်းကြပ်မှုကိုတားဆီးနိုင်ခဲ့ခြင်း မရှိချေ။

အခွန်စည်းကြပ်မှုကိစ္စအပြင် ခေါင်းဆောင်နှစ်ဦးသည် အီရန်၏ နျူကလီးယားပြဿနာနှင့် လက်ရှိဖြစ်ပွားနေသည့် ဂါဇာပဋိပက္ခတို့ကို ဆွေးနွေးသွားရန် မျှော်လင့်ထားကြောင်း သိရသည်။

ဆင်ဟွာ



# ဖိလစ်ပိုင်နိုင်ငံ၌ မော်တော်ယာဉ်တစ်စီး လျှိုအတွင်းထိုးကျမှုဖြစ်ပွား၊ ငါးဦးသေဆုံး

**မနီလာ ဧပြီ ၅**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ခရီးသည်တင် မော်တော်ယာဉ်တစ်စီး မီတာ ၅၀ လျှိုတစ်ခုအတွင်းသို့ ပြုတ်ကျမှုဖြစ်ပွားသဖြင့် ယာဉ်ပေါ်ပါ ခရီးသည်ငါးဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၅ ရက်တွင် ပြောကြားသည်။

မနီလာမြို့ မြောက်ပိုင်း တောင်တန်းပြည်နယ်ရှိ ဆာဒန်ဂါမြို့၌ ဧပြီ ၄ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။



စုံစမ်းစစ်ဆေးမှုများ အရ အဆိုပါယာဉ်သည် လမ်းပေါ်မှ လျှောကျကာ မြစ်အတွင်းသို့ ဆင်းသက်သွားကြောင်း၊ အခင်းဖြစ်ပွားရာနေရာ၌ အမျိုးသားသုံးဦးနှင့် အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အသက်ရှင် ကျန်ရစ်သူများကိုလည်း အနီးနားရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခိုဒယ် အာရာအုပ်ချုပ်ရေးဒေသရှိ ပြည်နယ်သည် ကျဉ်းမြောင်းခြင်း၊ မတ်စောက်ခြင်းနှင့် မိုးရွာသွန်းသည့် ရက်များတွင် လမ်းချော်ခြင်းများရှိကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးကုန်ကူးသူ သုံးဦးကို ဖမ်းဆီး၊ ဘိန်းခင်းများကို ဖျက်ဆီး

**ကဘူးလ် ဧပြီ ၅**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲမန့်ပြည်နယ်၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့က လူသုံးဦးကို ဖမ်းဆီးခဲ့ပြီး မြေ ဧက ၁၈၀ ကို ဖျက်ဆီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မူလာ့ အက်ဇန်တူလာ့ ဟက်ခန်းနီက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

မကြာသေးမီက ပြည်နယ်၏ ခါဂျာခီခရိုင်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးခဲ့ပြီး ဘိန်းခင်းများ ဖျက်ဆီးခြင်းလုပ်ငန်းများကို ပြုလုပ်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က မည်သူကိုမှ တရားမဝင်သီးနှံများ စိုက်ပျိုးခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် မူးယစ်ဆေးဝါးခြိမ်းခြောက်မှု အန္တရာယ်ပပျောက်ရန် ဘိန်းပင်များ စိုက်ပျိုးခြင်းနှင့် မူးယစ်ဆေးဝါးကုန်ကူးခြင်းလုပ်ငန်းများကို တားမြစ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ပါပူဝါနယူးဂီနီ၌ အင်အားပြင်း ငလျင်များလှုပ်ခတ်

**ပေကျင်း ဧပြီ ၅**

ပါပူဝါနယူးဂီနီနိုင်ငံအနီး၌ ဧပြီ ၅ ရက် ပေကျင်းစံတော်ချိန် နံနက် ၄ နာရီ ၀၄ မိနစ်က ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိငလျင်တစ်ခုလှုပ်ခဲ့ကြောင်း တရုတ်ငလျင် ကွန်ရက်စင်တာ (စီအီးအင်န်စီ)က ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်မှာ တောင်လတ္တီကျူ ၆ ဒသမ ၁၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၅၁ ဒသမ ၆၅ ဒီဂရီတွင်ရှိကြောင်းနှင့် ငလျင်အနက်မှာ ၂၀ ကီလိုမီတာရှိကြောင်း တရုတ်ငလျင်ကွန်ရက်စင်တာက ထုတ်ပြန်ထားသည်။

**ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်**

အလားတူ ဧပြီ ၄ ရက် ည ၈ နာရီ ၄ မိနစ် ၃၉ စက္ကန့်က ပါပူဝါနယူးဂီနီနိုင်ငံ နယူးဗြိတိန်ဒေသ၌ ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း ဘူမိသိပ္ပံဆိုင်ရာ ဂျာမန်သုတေသနစင်တာ ဂျီအက်ဖ်ဇက်က ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်သည် အနက် ၁၀ ကီလိုမီတာရှိပြီး တောင်လတ္တီကျူ ၆ ဒသမ ၂၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၅၁ ဒသမ ၆၀ ဒီဂရီရှိကြောင်း သိရသည်။

**ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခတ်**

ထို့အပြင် ပါပူဝါနယူးဂီနီနိုင်ငံ ကင်ဘဲမြို့၏ ၁၇၄ ကီလိုမီတာအကွာ၌ ဧပြီ ၄ ရက် ည ၈ နာရီ ၄ မိနစ် ၄၁ စက္ကန့်က ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းများက ဖော်ပြထားသည်။

**ငလျင်ဗဟိုချက် အနက် ၃၃ ဒသမ ၀ ကီလိုမီတာရှိ**

ငလျင်ဗဟိုချက်သည် အနက် ၃၃ ဒသမ ၀ ကီလိုမီတာရှိပြီး တောင်လတ္တီကျူ ၆ ဒသမ ၁၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၅၁ ဒသမ ၅၉ ဒီဂရီတွင် တည်ရှိမည်ဟု ကနဦးခန့်မှန်းချက်များအရ သိရသည်။

ဆင်ဟွာ

# စပိန်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဂိုဒေါင်ပြိုကျ၊ သုံးဦးသေဆုံး

**မက်ဒရစ် ဧပြီ ၅**

စပိန်နိုင်ငံတောင်ပိုင်း၌ ဧပြီ ၄ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ စိုက်ပျိုးရေး ဂိုဒေါင်တစ်လုံး ပြိုကျခဲ့ပြီး အိမ်အတွင်း အလုပ်လုပ်နေသူသုံးဦးသေဆုံးခဲ့သည်ဟု အရေးပေါ်ဝန်ဆောင်မှုဌာနက အတည်ပြုခဲ့သည်။



အန်ဒယ်လူရှားဒေသ ဒို့စ်ဟာမာနို့စ်မြို့အနီး၌ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အာဏာပိုင်များ၏ ပြောကြားချက်အရ လေပြင်းတိုက်ခတ်မှုကြောင့် ဂိုဒေါင်ခေါင်မိုးမှာ မီတာ ၂၀ နှင့် ၂၅ မီတာအကွာတွင် ပြုတ်ကျသွားခဲ့ပြီး အဆောက်အအုံလည်း ပြိုကျသွားခဲ့သည်။

ထို့နောက်အထဲတွင် အလုပ်လုပ်နေသည့် လူသုံးဦး သေဆုံးခဲ့ရသည်။ အခြားထိခိုက်ဒဏ်ရာရရှိသူမရှိဟု သိရသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သတ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့အား စေလွှတ်ထားကြောင်း စပိန်အလုပ်သမားနှင့် လူမှုစီးပွားဝန်ကြီးက ပြောသည်။

ကုမ္ပဏီများသည် ဆိုးရွားသည့် ရာသီဥတုအခြေအနေများကို သတိပေးမှုများ ပြုလုပ်နေစဉ်အတွင်း အလုပ်ချိန်ကို ညှိပေးရန် သို့မဟုတ် ဆိုင်းငံ့ထားရန်လိုအပ်ကြောင်း အလုပ်သမားသမဂ္ဂမှ အတွင်းရေးမှူးဖြစ်သူ ကာမန်းတီရာဒိုက အလေးပေးပြောကြားခဲ့သည်။

ဆင်ဟွာ

# ဂါဇာ၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၅၀၆၉၅ ဦး ရှိလာ

**ဂါဇာ ဧပြီ ၅**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၆၀ ကျော်ထက်မနည်း သေဆုံးရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ယခုအချိန်အထိ သေဆုံးသူ ပေါင်း ၅၀၆၉၅ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဒဏ်ရာရရှိသူ ၁၆၂ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၁၁၅၂၅ ဦး ရှိလာကြောင်း၊ ကယ်ဆယ်ရေးသမားများက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ရန် လက်လှမ်းမမီသောကြောင့် အပျက်အစီးများအောက်နှင့် လမ်းမပေါ်တွင် သေဆုံးသူအမြောက်အမြား ပိတ်မိနေဆဲဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးက ဂါဇာ၌ မတ် ၁၈ ရက်က ၎င်းတို့၏ တိုက်ခိုက်မှုများကို ပြန်လည်ပြုလုပ်ခဲ့ရာ နှစ်လကြာ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက် ဝန်ထမ်းမိသားစုများနေထိုင်ရန် ယာယီတဲဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ညပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့် ကျင်းပပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အစည်းအဝေးတက်ရောက်ပြီး နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက လျှောင်ဘေးအန္တရာယ်ဖြစ်ပွားနေမှုအခြေအနေများနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိစေရေး၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီဖြန့်ဝေပေးနိုင်ရေး၊ လျှောင်ဘေးသင့် ပြည်သူများအား ယာယီနေရာချထားမည့်နေရာများတွင် အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ လျှောင်လျှပ်ခတ်မှုကြောင့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများ ထိခိုက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယာယီတဲများ ဆောက်လုပ်နေထိုင်မှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။ (ယာပုံ)

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာလိုင်းခန်းများမှ လျှောင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ သုခသိဒ္ဓိအားကစားကွင်း၊ ဥဩသိဒ္ဓိအားကစားကွင်း၊ ဓနသိဒ္ဓိအားကစားကွင်းနှင့် ဗလသိဒ္ဓိအားကစားကွင်းတို့၌ ယာယီတဲများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေရရှိရေးဆောင်ရွက်နေမှု အခြေအနေများနှင့် နေရာချထားမည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်(NDB)နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ သွားရောက်ပြီး လျှောင်လျှပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**





# စစ်ကိုင်း လျှောင်ဘေးဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း၌ ဆွမ်းဆန်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က စစ်ကိုင်းမြို့လျှောင်လျှပ်ခတ်ခဲ့မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် သီတဂူဆရာတော်ထံ ဆွမ်းဆန်အိတ် ၅၀၀၊ စားသုံးဆီ ပိဿာ ၅၀၀ ၊ ပဲ အိတ် ၃၀၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူအာယုဒါနဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသည့် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လျှောင်လျှပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းခန်းမ၊ ရုံးခန်း၊ စာသင်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးနေမှုများကိုလည်းကောင်း၊ လျှောင်လျှပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံများကိုလည်းကောင်း တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးကာ အမှတ် (၂) ကျောင်းဝင်းအတွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ လျှောင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိ စုပုံထားရှိမှုနှင့် ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လျှောင်လျှပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ထူပါရုံ)၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဇေယျာကွက်သစ်ရှိ အခြေခံပညာအလယ်တန်းကျောင်း ပြိုကျပျက်စီးနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ အထင်ကရ ကျောင်း၊ ကန်၊ ဘုရားစေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘားအံ မေ ၅**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့အား သန့်ရှင်းသာယာလှပရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့အင်္ဂါရပ်များနှင့်အညီ Green City, Clean City ဖြစ်စေရေးအတွက် အပတ်စဉ်စနေနေ့များတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ အထင်ကရ ကျောင်းကန်ဘုရား စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘားအံမြို့၏ ကျက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်ဇ စေတီတော် ပရိဝုဏ်အတွင်း ဘုရားရောင်တော်ဖွင့်နှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ဇွဲလင်းသာယာ သံသရာငြိမ်းအေး ကိုကလယ် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီး ရောင်တော်ဖွင့်နှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာ ရန်ကြီးအောင်ဘုရားဘေးမဲ့ကျောင်း ပရိဝုဏ်အတွင်း စေတီတော် ရောင်တော်ဖွင့်နှင့် စုပေါင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘားအံမြို့နယ်၊ တော်ပုံကျေးရွာ၊ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လုမ္ဗိနီဥယျာဉ် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၁၂၅ ဦးခန့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

မတ် ၂၈ ရက် အင်အားပြင်း မြေငလျင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ် ပတ်ကုန်း ပျော်ဘွယ်ရပ်ကွက်၊ မဟာဝိဇိတာရုံ ကျောင်းတိုက် ဦးစီးပဓာနနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ပြီး ဆရာတော်ကြီး၏ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဦးလှသိန်း ဗိမာန်၌ တိုင်းဒေသကြီး ဦးစီးဌာနနှင့် ကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ရောဂါပိုးမွှားများ ကင်းရှင်းစေရန် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်နေမှုများနှင့် ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းနှင့် မန္တလာသီရိအားကစား အတွင်းတို့၌ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အကူအညီပေးရေး အဖွဲ့များ၏ ဆေးကုသပေးနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ချမ်းအေးသာစံမြို့နယ်၊ အနီဃာသီလရှင် ပရိယတ္တိစာသင်တိုက်၊ ဣန္ဒာသယသာသနာ့နုဂ္ဂဟ မင်းကွန်းသီလရှင် စာသင်တိုက်နှင့် ဆူးဖြူသာသနာ့ ရိပ်သာများသို့ သွားရောက်၍ သောက်သုံးရေများ၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တောင်ငူတက္ကသိုလ်၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၄၈ မိုင် ၅ ဖာလုံအနီးရှိ ခပေါင်းရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး၏ ပျက်စီးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်း အိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေး စခန်းများတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၄၈ မိုင် ၅ ဖာလုံအနီးရှိ ခပေါင်းရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ငလျင်ဒဏ်သင့်ဒေသများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ဆင်ပေါင်ဝဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်နှင့်ခရိုင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စည်ပင်လှကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးပြီးစီမံကိန်းအဖွဲ့ဝင်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ငွေကျပ်သိန်း ၃၀၀ ဖြင့် အရင်းမပျောက်လည်ပတ်ငွေဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အသင်းသူ အသင်းသား ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၄၇၇ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**



ငလျင်လှုပ်ခတ်ပါက
ဦးခေါင်းကို
ဦးစားပေး
အကာအကွယ်ယူပါ။
အခိုင်အမာဆုံး
နေရာကို မြဲမြံစွာ
ကိုင်ထားပါ။

*ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ*

# အစိုးရတစ်ရပ်စွမ်းဆောင်ရည်နှင့် DOGE ရဲ့ ကိုင်တွယ်ပုံကနေ...

**DOGE, Department Of Government Efficiency.. အစိုးရတစ်ရပ်ရဲ့စွမ်းဆောင်မှု Efficiency နဲ့ ထုတ်လုပ်မှု Productivity ကို မြင့်မားစေရာမှာ DOGE ရဲ့ လုပ်ဆောင်ချက်တွေဟာ အလွန်သွက်လက် ထက်မြက်မှုရှိနေကြောင်း တွေ့ရပါတယ်။ ယခင် US Digital Service ကနေ သမ္မတ ထရမ့်ရဲ့အမိန့်နဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ လက်ရှိ DOGE ကို နောက်ကွယ်ကနေ ဦးဆောင်မှုပေးနေသူက ကမ္ဘာ့အချမ်းသာဆုံးသူဌေးတစ်ဦးဖြစ်တဲ့ အီလွန်မက်စ်ဖြစ်ပါတယ်။**

*မြင့်မြတ်*

**❝ အမေရိကန်နိုင်ငံမှာ မသမာမှုအနည်းဆုံးနဲ့ သာသာယာယာရှိကြလိမ့်မယ်လို့ ထင်သူကများပေမယ့် အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ လှိုက်စားနေတဲ့ အရှုပ်ထုပ်တွေကို မြေလှန်နေတာကြည့်ပြီး ဘာကိုမှအထင်ကြီးစရာမရှိသလို ဘယ်သူ့ကိုမှလည်း အထင်မသေးသင့်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က မိမိပြည်တွင်း အရေးထက် ဘယ်ပြည်ပအရေးကမှ အရေးမကြီးဘူးဆိုတဲ့ မိမိနိုင်ငံနဲ့ နိုင်ငံသားအကျိုးစီးပွား ဦးစားပေးချက်မူဝါဒမျိုးကို အတုယူသင့်ပါတယ်။ ကမ္ဘာပေါ်က ကြွေးမြီအထူပြောဆုံး နိုင်ငံတစ်နိုင်ငံအနေနဲ့ စစ်မှန်မှုမရှိတဲ့ ဒီမိုကရေစီအရေး လစ်ဘရယ်အရေးဆိုတာတွေထက် ကိုယ့်နိုင်ငံအရေး၊ ကိုယ့်အမျိုးသားရေးက ပိုအရေးမကြီးသင့်ဘူးလား စတဲ့ပညာဉာဏ်အမြော်အမြင်နဲ့ လုပ်တတ်ကိုင်တတ်ဖို့ အရေးကြီးပုံများကိုလည်း တွေ့ရပြန်ပါတယ် ❞**

**အခွန်ထမ်းတွေရဲ့ငွေသည်**
**နိုင်ငံအတွက်ပဲဖြစ်ရမည်ဆိုသောမူ**

အစိုးရဌာနတွေရဲ့ စွမ်းဆောင်ရည်ကို စိစစ်နိုင်မယ့် Digital နည်းပညာပိုင်းကို ပိုပြီးခေတ်မီအောင် အဆင့်မြှင့်တင်ထားပြီး လက်ရှိအခြေအနေတွေနဲ့ ကိုက်ညီအောင် ပြုပြင်ဆန်းသစ်ထားတဲ့ DOGE ဟာ ဝန်ကြီးဌာနအဆင့်မဟုတ်ပေမဲ့ အဆင့်မြင့်မားစွာနဲ့ ဝန်ကြီးဌာနတွေရဲ့ စွမ်းဆောင်ရည်ကို ထိထိရောက်ရောက် စောင့်ကြည့်စိစစ်တဲ့ ဌာနမျိုးဖြစ်ပါတယ်။ အစိုးရဘတ်ဂျက် အသုံးနဲ့အဖြုန်းကို စစ်ဆေးနိုင်တဲ့အတွက် စာရင်းစစ်အသွင်ဆောင်နေတဲ့အပြင် အကျိုးမရှိ မလိုအပ်တဲ့ ပိုလျှံလူအင်အားနဲ့ ငွေကြေးသုံးစွဲမှုကို ဖြတ်တောက်ဖို့ သမ္မတနဲ့အစိုးရကို အကြံဉာဏ်များပေးနိုင်တဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နေရာမှာ DOGE ဟာ အင်တိုက်အားတိုက်နဲ့ ပြင်းပြင်းထန်ထန် ဆောင်ရွက်နေတာတွေ့ရတယ်။ ဘာကြောင့်လဲဆိုရင် အစိုးရက ကိုင်တွယ်နေတဲ့ ငွေကြေးဟာ အမေရိကန်ပြည်သူတွေရဲ့ ငွေတွေဖြစ်လို့ပါပဲ။ နိုင်ငံသားတွေဆီက ကောက်ခံတဲ့ အခွန်ငွေဟာ နိုင်ငံသားတွေအတွက်ပဲဖြစ်ရမယ်၊ နိုင်ငံသားတွေရဲ့ပိုက်ဆံနဲ့ပဲ ဒီနိုင်ငံကို တည်ဆောက်ပေးရမယ်ဆိုတဲ့မူနဲ့ သွားနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခွန်ထမ်းတွေရဲ့ငွေကိုဖြုန်းတီးလို့မရ၊ အလေအလွင့်မဖြစ်ရဆိုတဲ့ ရည်ရွယ်ချက်နဲ့ အညီ ဝန်ကြီးဌာနအသီးသီးရဲ့လေလွင့်ဆုံးရှုံးနေတဲ့ အခြေအနေအရပ်ရပ်ကို DOGE က အသေးစိတ်စစ်ဆေးနေခြင်းလည်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်ဟာ ရေရှည်ဖြစ်ပေမယ့် အတော်လေး ခရီးရောက်နေကြောင်းလည်း တွေ့ရှိရပါတယ်။

**အရင်းအမြစ်ကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မှု**
**Efficiency**

ဒီနေရာမှာ စီမံခန့်ခွဲမှု သဘောတရားတစ်ခုဖြစ်တဲ့ Efficiency အကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ အနည်းဆုံးအင်အားနဲ့ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် လုပ်နိုင်စွမ်းတဲ့ စွမ်းဆောင်ရည်တစ်မျိုးဆိုပြီး ယေဘုယျသုံးကြပါတယ်။ အနှစ်သာရက မိမိမှာရှိတဲ့ လူ၊ ပစ္စည်း၊ ငွေကြေး၊ စိတ်ဓာတ်အင်အားတွေကို အကျိုးရှိထိရောက်အောင် သုံးစွဲဖို့ပါပဲ။

အားလုံးသိတဲ့အတိုင်း အထက်ပါအရင်းအမြစ်တွေအနက်က အနည်းဆုံးတစ်မျိုးမဟုတ် တစ်မျိုးချို့တဲ့နေတဲ့ အနေအထားတစ်ခုခုကို အားလုံးကြုံဖူးတွေ့ဖူးကြမှာပါ။ ကမ္ဘာကြီးမှာ ဘယ်နေရာ၊ ဘယ်ကဏ္ဍ၊ ဘယ်အဖွဲ့အစည်းမှာမှ ပြည့်စုံတယ်ဆိုတာ မရှိပါဘူး၊ တစ်ခုမဟုတ်တစ်ခု ချို့ယွင်းကြတာချည်းပါပဲ။ လူအင်အားမလောက်လို့၊ လူအင်အားရှိလည်း အရည်အချင်းအားနည်းလို့၊ မကျွမ်းကျင်လို့၊ စိတ်ဓာတ်မကောင်းလို့၊ ငွေမလောက်လို့၊ ပစ္စည်းအင်အားချို့တဲ့လို့ စသည်ဖြင့် ရှိတတ်ကြပါတယ်။

ဒီလိုအခြေအနေမှာ အားနည်းချို့တဲ့နေတဲ့ အရင်းအမြစ်တွေကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုစီမံခန့်ခွဲမလဲ၊ အရင်းအမြစ်အင်အား တောင့်တင်းနေရင်တောင် အလဟဿ မဖြစ်အောင်၊ မရှိမဲ့ ရှိမဲ့အင်အားကို မလေလွင့် မဆုံးရှုံးအောင် စနစ်တကျ ဘယ်လိုစီမံခန့်ခွဲကြမလဲ၊ အားနည်းတဲ့ကြားက အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲနိုင်သူကိုသာ စွမ်းဆောင်ရည်မြင့်တယ်လို့ သတ်မှတ်ပါတယ်။ အကောင်းဆုံးဖြစ်သူချင်းအတူတူ ရည်မှန်းချက်ရောက်တာချင်းအတူတူ မိမိမှာရှိတဲ့ လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားကို အနည်းဆုံးနဲ့ ထိထိရောက်ရောက် အသုံးပြုနိုင်စွမ်းရှိသူမျိုးကိုသာ လုပ်ငန်းရှင်တွေ အကြီးအကဲတွေက ကြိုက်ကြ၊ နေရာပေးတတ်ကြပါတယ်။ နေရာတကာမှာ အရာရာက ချို့တဲ့နေတဲ့အနေအထားကို အမှန်အတိုင်း မြင်နိုင်ဖို့လည်း လိုပါတယ်။ ဒါကြောင့် efficient ဖြစ်တယ်လို့ သတ်မှတ်ခံရခြင်း၊ ခေါ်ဝေါ်ခြင်း ခံရတဲ့ဝန်ထမ်းမျိုး ဌာနမျိုးတွေကသာလျှင် စွမ်းဆောင်ရည်ရှိသူဆိုတဲ့ ဂုဏ်ပုဒ်နဲ့အတူ အမှန်တကယ်ထိုက်တန်သူများဖြစ်ကြောင်း သတ်မှတ်၍ရနိုင်မှာဖြစ်ပါတယ်။

**ကမ္ဘာကြီးအတွက်လည်း**
**အပေါင်းလက္ခဏာဆောင်နိုင်ဖွယ်**

ထို့ကြောင့်လည်း အမေရိကန် DOGE မှာ ပါတဲ့ Efficiency ဆိုတဲ့ ဝေါဟာရမှာ အဓိပ္ပာယ်အများကြီးရှိနေတာ သတိထားရပါလိမ့်မယ်။ efficiency စကားလုံးနဲ့ ကိုက်ညီအောင်ကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ မဆောင်ရွက်လို့လည်း မရတော့တဲ့ အခြေအနေပါ။ နိုင်ငံ့စီးပွားရေး တိုးတက်မှုတုံ့နှေးလာပြီး ဖက်ဒရယ်ကြွေးမြီပမာဏ USD ၃၆ ထရီလီယံ ဝန်းကျင်ရောက်နေတဲ့အနေအထားက လက်ရှိသမ္မတ ထရမ့်ရဲ့ တာဝန်ဖြစ်နေပါပြီ။

ရှေးလူတွေလုပ်ခဲ့သမျှ အနုတ်များနဲ့ နိုင်ငံတော်ကြီးကို ပြန်လည်ပေးဆပ်ရမှာက လက်ရှိခေါင်းဆောင်တွေရဲ့တာဝန်ပါပဲ။ ပြည်သူရဲ့ယုံကြည်မှု ပြန်ရအောင်လုပ်နေတဲ့ ထရမ့်နဲ့ အီလွန်မက်စ်တို့အနေနဲ့ အမုန်းခံ၊ အဆဲခံလုပ်ရုံမှတစ်ပါး အခြားမရှိပါ။ နိုင်ငံတစ်နိုင်ငံမှာ မသမာမှု၊ အလွဲသုံးစားမှုတို့ဆိုတာ မရှိသင့်တဲ့ကိစ္စတွေ ဖြစ်တဲ့အတွက် တိုက်ဖျက်သွားရမှာပဲဖြစ်ပြီး ဒီကိစ္စကို အီလွန်မက်စ်နဲ့ DOGE ကနေ IT နည်းပညာနဲ့ data scientists များဖြစ်တဲ့ အသက် ၁၉ နှစ်နဲ့ ၂၅ နှစ်ကြား လူငယ်ခြောက်ယောက်တည်းကို တာဝန်ယူ၊ တာဝန်ခံမှုအပြည့်နဲ့ တာဝန်ပေးလုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။

မျိုးတူလုပ်ငန်းတွေနဲ့ ထပ်နေတဲ့ဌာနတွေကို ပေါင်းစည်းမှုတွေလုပ်ပစ်ပြီး e – government စနစ်ကို ပီပီပြင်ပြင်သွားတဲ့အတွက် အစိုးရလုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုရှိလာပြီး အစိုးရအသုံးစရိတ်ဒေါ်လာဘီလီယံနဲ့ချီ သက်သာသွားတယ်လို့လည်း ဆိုပါတယ်။ ထရမ့်နဲ့ DOGE တို့ရဲ့ကနဦးလုပ်ဆောင်ချက်တွေကြည့်ပြီး မရိုးမဖြောင့်တဲ့လုပ်ရပ်တွေ မဖြစ်နိုင်ကြောင်းကိုတော့ သတိထားမိပါတယ်။ အမေရိကန်အခွန်ထမ်းတွေရဲ့ ငွေတွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ အကျပ်အတည်းဖြစ်အောင် မတည်မငြိမ်ဖြစ်အောင် လုပ်နေတဲ့အဖျက်အမှောင့်တွေကို ရပ်တန့်ဖို့ ကြိုးစားခြင်းဟာ ကမ္ဘာကြီးအတွက်လည်း အပေါင်းလက္ခဏာ ဆောင်နိုင်ကြောင်း အဓိပ္ပာယ်ကောက်ယူနိုင်မှာ ဖြစ်ပါတယ်။

**နိုင်ငံအတွင်းအပြင်**
**လျှော့ချဖြတ်တောက်နေတဲ့အနေအထား**

ဆက်ပြီး မိမိဌာနရဲ့အုပ်ချုပ်မှုကုန်ကျစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲနေတဲ့ DOGE ရဲ့ ဆောင်ရွက်ချက်တွေကို ကြည့်ကြရအောင်ပါ။ အဓိကရည်ရွယ်ချက်နှစ်ရပ် ရှိနေပါတယ်။ ကုန်ကျစရိတ်ဖောင်းပွပြီး အလုပ်မဖြစ်တဲ့ ဗျူရိုကရေစီယန္တရားကို လျှော့ချဖို့နဲ့ အစိုးရအသုံးစရိတ်ကို လျှော့ချဖြတ်တောက်ဖို့က အဓိကဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ စားသုံးသူတွေကိုလည်းမျိုသွစ်ထားသလိုဖြစ်နေတဲ့ အစိုးရစနစ်ကြီးကို ပြည်သူတွေက စိတ်ကုန်နေကြပါပြီ။

အထူးသဖြင့် အမျိုးသားဖူလုံရေးနဲ့လုံခြုံရေးလို ကဏ္ဍတွေမှာ အဆိုးဆုံးဖြစ်ပါတယ်။ ဘတ်ဂျက်အသုံးမှာ လက်ဖွာလွန်းတော့ လေလွင့်မှု၊ မသမာမှုနဲ့ မတော်မတရားမှုအဖြစ်များတာလည်း မဆန်းပါဘူး။ တာထွက်တာနဲ့တစ်ပြိုင်နက် ကိုင်တွယ်လိုက်တာ လူ့လောကမှာ မရှိတော့တဲ့ အိုကြီးအိုမတွေရဲ့ အသက်စာရင်းလိမ်တွေနဲ့ ပင်စင်လိမ်ထုတ်နေကြတဲ့ ငွေကြေးမသမာမှုပေါင်းများစွာကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။ နိုင်ငံရပ်ခြား မဟာမိတ်တွေရဲ့ လုံခြုံရေးအတွက် မိမိဘတ်ဂျက်က ၆၇ ရာခိုင်နှုန်း ထည့်ဝင်နေရချိန်မှာ မဟာမိတ်အားလုံးပေါင်းမှ ၃၇ ရာခိုင်နှုန်းပဲ ပါဝင်နေတဲ့ ခွဲတမ်းမျိုးဟာ မျှတမှုမရှိဘူးလို့ ထရမ့်တို့ဘက်က ယူဆမှာအမှန်ပါပဲ။ ဒါကြောင့် ထရမ့်အနေနဲ့က ကာကွယ်ရေးနဲ့ ဆက်စပ်နေတဲ့ သူများနိုင်ငံက ပြည်သူတွေရဲ့ လုံခြုံရေးထက် မိမိနိုင်ငံ မိမိပြည်သူတွေရဲ့လုံခြုံရေးကို ပိုပြီးဦးစားပေးသင့်တဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်နေပြီဖြစ်ပါတယ်။ သမုဒ္ဒရာကြီး နှစ်စင်းခြားနေတဲ့အတွက် အထိုက်အလျောက် လုံခြုံမှုရှိနေတဲ့ အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒအတွက် အများကြီးဈေးမကြီးသင့်ဘူးဆိုတဲ့အမြင်ဟာ သင့်လျော်မှုရှိတယ်လို့တော့ မြင်မိပါတယ်။

**VOA , RFA တို့လည်းမလွတ်ပါ**

လိုငွေပြနေတဲ့ ဖက်ဒရယ်ဘတ်ဂျက်ကို ကျုံ့အောင် ချုံ့မယ့်အစီအစဉ်မှာ ပညာရေးကအစ မီဒီယာအထိ ကဏ္ဍစုံပါဝင်ပါတယ်။ တကယ်တမ်း စိစစ်လိုက်ရင် မလိုအပ်တဲ့နေရာတွေ များစွာရှိနေမှာပါ။ မလိုအပ်ဘူးဆိုတာ ထိရောက်မှုမရှိ၊ အကျိုးလည်းမရှိ၊ အကျိုးထက် အပြစ်များတဲ့ အလုပ်တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာပေးသင့်တဲ့ မီဒီယာနဲ့ ပတ်သက်တဲ့ လတ်တလောဆောင်ရွက်ချက်တစ်ခုကိုပဲ ကြည့်လိုက်ပါဦး။ USAGM လို့ခေါ်တဲ့ United State Agency for Global Media အပါအဝင် အစိုးရဌာန ခုနစ်ခုရဲ့ လုပ်ငန်းတွေကို သမ္မတထရမ့်ရဲ့ အမိန့်နဲ့ လျှော့ချရာမှာ USAGM ရဲ့ ညီနောင်မီဒီယာတွေဖြစ်တဲ့ VOA၊ RFA နဲ့ Radio Liberty တို့လည်း ပါသွားခဲ့ပါပြီ။

အီလွန်မက်စ်ကတော့ တစ်ကမ္ဘာလုံးကို လေလှိုင်းကနေ နားအဆိပ်ခတ်နေတဲ့ ယခုလို မီဒီယာတွေကို အပြီးပိတ်သိမ်းဖို့အထိ ပြောပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတွေ စစ်ရှုံးရေးရည်ရွယ်ချက်နဲ့ စတင်ခဲ့တဲ့ VOA ဆိုရင် နောက်ပိုင်းမှာ အမေရိကန်အာဘော်ကို ထင်ဟပ်တဲ့ ဒီမိုကရေစီအရေးအတွက်ဖြစ်လာခဲ့တာ အားလုံးအသိပါပဲ။ ဒါပေမယ့် ဒီသတင်းဌာနတွေဟာ ဒီမိုကရေစီအရေးထက် ငွေကိုပေါပေါလောလောသုံး၊ အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး လူတွေရဲ့အမြင်ကို မှုန်ဝါး၊ ရေလိုက်လွဲစေတဲ့ ဝါဒဖြန့်ချိရေး သက်သက်ဖြစ်နေတာတော့ မသင့်တော်ပါဘူး။ ရန်တိုက်သွေးထိုးခလောက်ဆန်ရုံဖြစ်နေတဲ့အတွက် ထိုဌာနတွေရဲ့ လုပ်ငန်းတွေရပ်တန့်ထားဖို့ဖြစ်နိုင်ရင် ဖယ်ရှားပစ်ဖို့အထိ သမ္မတထရမ့်က အမိန့်ပေးပြီးနောက်မှာမှ ယခုလိုဆောင်ရွက်ချက်တွေ ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။

ထုံးစံအတိုင်း ပြုပြင်ပြောင်းလဲမှုမှန်သမျှမှာ စိန်ခေါ်မှုဆိုတာ ရှိတတ်စမြဲပါ။ ဥပဒေရေးရာ အဟန့်အတားတွေက အကြီးမားဆုံး စိန်ခေါ်မှုပါပဲ။ အကျိုးစီးပွားပဋိပက္ခတွေလည်း မလွဲမသွေရှိလာနိုင်တဲ့ အပြင် ကြောက်စရာကောင်းတဲ့ မုန်းတီးမှုနဲ့ အပြန်အလှန် လက်စားချေခြင်းတွေ ရှိမလာဘူးလို့လည်း မပြောနိုင်ပါဘူး။ ဒါကြောင့်လည်း သံသယတွေ ရှင်းသွားအောင် အီလွန်မက်စ်က အိမ်ဖြူတော်ဘဲဥပုံရုံးခန်းမှာ ယခု သူပါဝင်တဲ့ DOGE က စနစ်ကျတဲ့ စီမံချက်နဲ့အညီ သွားနေခြင်းဖြစ်ကြောင်း၊ ပြိုင်ဘက်ဒီမိုကရက်တို့ကို လက်စားချေခြင်း မဟုတ်ကြောင်း၊ အစိုးရလုပ်ငန်းတွေမှာ ဝင်ရောက်စွက်ဖက်နေခြင်းလည်း မဟုတ်ကြောင်း၊ လုပ်ငန်းတွေ အစုရှယ်ယာတွေကို အပိုင်စီးပြီး လွှဲပြောင်းလက်ခံယူမယ့် အစီအစဉ်များလည်း မရှိကြောင်း သတင်းထောက်တွေကတစ်ဆင့် မနည်းရှင်းပြနေရတဲ့ မြင်ကွင်းက မှတ်သားစရာကောင်းလှပါတယ်။

*စာမျက်နှာ ၁၇ သို့*

# လျှပ်စီးအန္တရာယ်နှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## လျှပ်စီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် လျှပ်စီးပြီးတိုင်း နောက်ဆက်တွဲလျှပ်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## လျှပ်စီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်း တို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

( ၁ ) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင် နားနေပါ၊

( ၂ ) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

( ၃ ) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများ တွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

( ၄ ) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

( ၅ ) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီး ခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

( ၆ ) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

( ၇ ) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

( ၈ ) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

( ၉ ) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ် တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(မတ်လ၊ ၂၀၂၅)**

*စာမျက်နှာ ၁၆ မှ*

ခြုံပြီးကြည့်ရင်တော့ ကျွန်တော်တို့အနေနဲ့ သင်ခန်းစာအချို့ ရလိုက်မယ်လို့ ထင်ပါတယ်။ ယူဆထားသလို အမေရိကန်နိုင်ငံကြီးဟာ အစစ အရာရာအဆင်ပြေ၊ အမြဲမှန်နေတဲ့ စံပြနိုင်ငံ တစ်ခု မဟုတ်ဘူးဆိုတာပါပဲ။ သမ္မတ ထရမ့် တက်တာနဲ့ ဘာကြောင့် DOGE လို အဖွဲ့ကို အမြန်ဖွဲ့စည်းရပါသလဲ၊ ကနဦး ဆောင်ရွက်ချက် တွေနဲ့ နောင်လာမယ့် လုပ်ဆောင်ချက်တွေအရ သူတို့ လူ့အဖွဲ့အစည်းမှာ ဘယ်လောက်တောင် ခြစားမှုတွေရှိနေပြီလဲ ခန့်မှန်းလို့ ရနိုင်လောက် ပါတယ်။

အမေရိကန်နိုင်ငံမှာ မသမာမှုအနည်းဆုံးနဲ့ သာသာယာယာ ရှိကြလိမ့်မယ်လို့ ထင်သူက များပေမယ့် အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ လှိုက်စားနေတဲ့ အရှုပ်ထုပ်တွေကို မြေလှန်နေတာ ကြည့်ပြီး ဘာကိုမှအထင်ကြီးစရာမရှိသလို ဘယ်သူ့ ကိုမှလည်း အထင်မသေးသင့်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က မိမိပြည်တွင်း အရေးထက် ဘယ်ပြည်ပအရေးကမှ အရေးမကြီး ဘူးဆိုတဲ့ မိမိနိုင်ငံနဲ့ နိုင်ငံသားအကျိုးစီးပွား ဦးစားပေးချက် မူဝါဒမျိုးကို အတုယူသင့်ပါတယ်။ ကမ္ဘာပေါ်က ကြွေးမြီအထူပြောဆုံး နိုင်ငံတစ်နိုင်ငံ အနေနဲ့ စစ်မှန်မှုမရှိတဲ့ ဒီမိုကရေစီအရေး လစ်ဘရယ် အရေးဆိုတာတွေထက် ကိုယ့်နိုင်ငံအရေး၊ ကိုယ့် အမျိုးသားရေးက ပိုအရေးမကြီးသင့်ဘူးလား စတဲ့ ပညာဥာဏ်အမြော်အမြင်နဲ့ လုပ်တတ် ကိုင်တတ်ဖို့ အရေးကြီးပုံများကိုလည်း တွေ့ရပြန် ပါတယ်။

နောက်တစ်ချက်က လုပ်ကြံခံရမှာမကြောက်၊ ယခင် အောင်မြင်ခဲ့တဲ့ Tesla လုပ်ငန်းကြီး အရှုံးပေါ် နေတဲ့ကြားက နိုင်ငံအတွက် ဦးစားပေးပြီး ပြည်သူ ဆီက ယုံကြည်မှုပြန်ရအောင် သတ္တိရှိရှိ၊ လုပ်ရဲ ကိုင်ရဲတဲ့ စိတ်ဓာတ်မျိုးကိုလည်း အနာဂတ်လူငယ် မျိုးဆက်တွေအနေနဲ့ အတုယူသင့်ပါတယ်။ နောက်ထပ် တွေးမိတာလေးတစ်ခုလည်း ရှိပါသေး တယ်။ ရုရှားက ဘာဖြစ်တယ်၊ တရုတ် ဘာဖြစ်တယ်၊ မြန်မာက အန္တရာယ်များတယ်.. စတာတွေ အကြောင်းပြပြီး ကမ္ဘာကြီးကို အကြောက်တရား ရိုက်သွင်း၊ ပြည်သူဆီကငွေကို လိမ်ယူ၊ ဒီငွေနဲ့ သူတစ်ပါးတိုင်းပြည် ဝင်စွက်ဖက်လုပ်နေကြတဲ့ အစိုးရတွေ ကမ္ဘာမှာ ရှိနေဆဲဖြစ်ပါတယ်။

သူတို့အနေနဲ့ စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ ကျသင့်ပါပြီ၊ ကိုယ့်နိုင်ငံအတွက် ဦးစားပေးပြီး ခမ္မ မိဋ္ဌာန်ကျတဲ့ခေါင်းဆောင်မျိုးတွေ ရှိလာခဲ့ရင် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် အလွန်ကောင်းသွားမှာပဲဆိုတဲ့ အတွေးပါ။ ဘာပဲပြောပြော သမ္မတထရမ့်နဲ့ အီလွန် မက်စ်တို့ရဲ့လုပ်ဆောင်ချက်တွေကြောင့် ကမ္ဘာကြီး အပေါ် ကောင်းကျိုး၊ ဆိုးကျိုး အနည်းနဲ့အများ သက်ရောက်စေခဲ့တာကတော့ အမှန်ပါပဲ။

တစ်ခုပဲရှိတယ်၊ သူတို့ရဲ့ ဇာတ်ကြမ်းတိုက်လုပ်ရပ် တွေက တချို့သူတွေအတွက်တော့ ဆေးခါးကြီး ဖြစ်နေပုံရပါတယ်။ ရေရှည်အတွက် သွားနေတာ ဆိုတော့လည်း လတ်တလော လက်ဆုပ်လက်ကိုင်၊ မျက်နှာရစရာ မည်မည်ရရ မပြနိုင်သေးပေမဲ့ Quick win လို ရေတိုအောင်မြင်မှုအချို့ ပြသနိုင် မယ့် Reform Management ပုံစံမျိုးကို ထိန်းထိန်း သိမ်းသိမ်းလုပ်နိုင်ရင်တော့ ပိုပြီးကောင်းသွားမလား လို့ တွေးမိတာလေးတစ်ခုနဲ့ပဲ အဆုံးသတ်လိုက် ပါတယ်။ ။

# ပဲခူးတိုင်းဒေသကြီးရှိ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများလှူဒါန်း

ပဲခူး ဧပြီ ၅

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ဧပြီ ၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ မတ် ၃၀ ရက်မှ စတင်၍ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ အသင့်စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများစသည့် ငွေကျပ်သိန်း ၁၆၈၀ ကျော် ပေးပို့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အသက်ကူကယ်ဆယ်နိုင်ရေး သွေးအလုံး ပေါင်း ၄၄၀ ကျော်ကိုလည်း နေပြည်တော်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ကူညီပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းကြသည့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ငွေကျပ် ၁၇၈၁၁ ဒသမ ၅ သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဇမ္ဗူသီရိမြို့နယ်အတွင်း ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များပေးအပ်

**နေပြည်တော် ဧပြီ ၅**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ကြီးဌာနများမှ ယာယီပြောင်းရွှေ့နေထိုင်သည့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က ဇမ္ဗူသီရိမြို့နယ် ဓာတုဗေဒဓာတ်ပေါင်းစုစေတီ ပရိဝုဏ်တွင် ဝန်ထမ်းအိမ်ရာများမှ ငလျင်ဘေးဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်သူများအား စားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်ဥ၊ ရေသန့်နှင့် မုန့်များ ပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်များရှိ ဝန်ထမ်းအိမ်ရာများအနီးမှ ငလျင်ဘေးဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်ကြသည့် ဌာနပေါင်းစုံမှ ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်၊ ကြက်ဥ၊ ရေသန့်နှင့် မုန့်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သုခသိဒ္ဓိရပ်ကွက်တွင် ငလျင်ဘေးသင့်ပြည်သူများ နေထိုင်ရန်အတွက် ယာယီရွက်ဖျင်တဲများ ဆောင်ရွက်နေမှုအား ကြည့်ရှု၍ ရေသန့်၊ ကြက်ဥနှင့် မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**မကွေး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အစည်းအဝေးကို တိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဥပဒေအရာရှိက ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ မှာကြားချက်များကို တစ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ ရှင်းလင်းဆွေးနွေးချက်များအပေါ် ခရိုင်ဥပဒေအရာရှိများက ထပ်ဆင့်ရှင်းလင်းပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုပြသသည်။ ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီး ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဆွေးနွေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကားပြောကြားပြီး ဥပဒေအရာရှိ ကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေအရာရှိကျင့်ဝတ်၊ ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**






ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မီးဘေးလုံခြုံရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များ ဥက္ကဋ္ဌ၊ ရုံးအဖွဲ့မှူးနှင့်အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်းရှိ ဆန်စက်များ၌ ဧပြီ ၄ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးအသိပညာပေးစဉ်။ ဇေယျာ(မြောင်းမြ)

ပုသိမ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ ရုံး/အဆောက်အအုံများ၌ မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဧပြီ ၄ ရက်တွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောစဉ်။ ခရိုင်(ပြန်/ဆက်)





ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ KTV (ကာရာအိုကေ) ဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွဋ် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဧပြီ ၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial(L-23)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိကြရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ပွဲကို စစ်ရေယာဉ်ပေါ်တွင် ဆက်လက်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယနေ့ ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှစစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန် ၄၀၅ တန်၊ ဟင်းချက်ဆီ တန် ၃၀ ၊ ဘီစကွတ် ၅ တန်နှင့် အသင့်စားခေါက်ဆွဲ ၂ မက်ထရစ်တန်အပါအဝင် စားနပ်ရိက္ခာနှင့် ဆေးဝါးများပါဝင်ပြီး စုစုပေါင်း တန်ချိန် ၄၄၂ တန်ခန့်ဖြစ်ကြောင်း သိရသည်။



အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်များ၊ အိန္ဒိယစစ်ရေယာဉ်မှ အရာရှိစစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန် မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ရောက်ရှိလာကြောင်း သိရသည်။



သီရိလင်္ကာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ ရောက်ရှိလာစဉ်။

ယင်းသို့ ရောက်ရှိလာရာ ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ မြေငလျင် ဘေးဒဏ်သင့်ဒေသများအား လှူဒါန်းသည့်ကယ်ဆယ်ရေး အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပါဝင်သည့် ၅၇၃၇ Kgကို Asia Cargo Airlines ဖြင့်လည်းကောင်း၊ ၇ နာရီ မိနစ် ၄၀ ခန့်တွင် အမေရိကန်ပြည်ထောင်စု၊ Samaritans Purse International Relief အဖွဲ့မှ မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့် ဒေသများအား လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် ခွဲစိတ်ခန်း တည်ဆောက်ရန် ဆက်စပ်ပစ္စည်းများ ပါဝင်သည့် ၂၂၆၃၄ Kgနှင့် ခွဲစိတ်ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၂၅ ဦးကို တင်ဆောင်ပြီး Samaritans Purse အဖွဲ့ပိုင် လေယာဉ်ဖြင့် လည်းကောင်း အသီးသီးရောက်ရှိလာသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးသေတ္တာ၊ ရွက်ဖျင်တဲ၊ ခြင်ထောင်၊ ရေသန့်ဘူးစသည့်ပစ္စည်း ၈၇၃၉၀ kg ကို သယ်ဆောင်လာသည့် AIR CHINA CARGO လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic and Commercial Counsellory Mr.Ouyang Daobingနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

ယင်းအပြင်ညနေ ၅နာရီ မိနစ် ၅၀ တွင် သီရိလင်္ကာအစိုးရမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ ဆေးရုံသုံး ပစ္စည်းများ၊ လက်သန့်ဆေးများ၊ ရေသန့်စင်စက်များ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများနှင့် သီရိလင်္ကာနိုင်ငံ တပ်မတော်မှ Brigadier General Karunatilake Hewakattuge Punyasiri ဦးဆောင်သော ဆေးတပ်ဖွဲ့ဝင်၂၆ဦးတို့သည်သီရိလင်္ကာနိုင်ငံပိုင် လေကြောင်းလိုင်းဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperumaနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငလျင်ဒဏ်သင့်ခဲ့ရသည့် သာသနိကနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အများနှင့်သက်ဆိုင်သော အဆောက်အအုံများအား အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံအသစ်တည်ဆောက် လှူဒါန်းလိုသူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မေ ၅**

မတ် ၂၈ ရက်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သာသနိကနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး စသည့် အများနှင့် သက်ဆိုင်သော အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ အဆောက်အအုံများ အနက် အဆောက်အအုံတစ်ခုချင်း အလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံ အသစ်တည်ဆောက်လှူဒါန်းလိုသူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရာသက်ပန်ကမ္ပည်းထိုး၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် အလှူရှင်များ၊ အနုပညာရှင်များနှင့် အသင်းအဖွဲ့များက ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၅**

မြန်မာနိုင်ငံ၌မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ငလျင်ဘေးဒဏ်သင့်ခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ အနုပညာရှင်များနှင့် အသင်းအဖွဲ့များက ဝန်ထမ်းမိသားစုများ ယာယီအခြေပြုနေထိုင်နေကြသည့်နေရာများသို့ သွားရောက်၍ အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ ယာယီမိုးကာတဲများနှင့် အခြားလိုအပ်သည်များကို နေ့ရက်အလိုက် သွားရောက်လှူဒါန်းလျက်ရှိကြသည်။

ယနေ့တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များပါဝင်သောအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အသင့်စားခေါက်ဆွဲထုပ်များနှင့် အားဖြည့်အချိုရည်များ ပေးအပ်လှူဒါန်းသည်။

ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက "ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ငလျင်စလှုပ်တဲ့နေ့ကစပြီး ငလျင်ဒဏ်သင့်ဒေသတွေကို သွားရောက်ထောက်ပံ့လှူဒါန်းဖို့အတွက် စတင်ဆောင်ရွက်ပါတယ်။ ဒီနေ့မှာတော့ နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေ၊ ပြည်သူတွေကို လာရောက်အားပေးထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ ကိုယ့်ပြည်သူတွေ ငလျင်ဒဏ်ခံစားခဲ့ရတာမြင်တော့ အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ အခုလို လှူဒါန်းထောက်ပံ့ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တခြားငလျင်ဒဏ်သင့်ဒေသတွေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနဲ့ ဆက်လက်သွားရောက်လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟုပြောသည်။




ရုပ်ရှင်သရုပ်ဆောင် ဦးအောင်ခိုင်ကလည်း "ဒီနေ့မှာတော့ ငလျင်ပြင်းပြင်းထန်ထန် ခံစားခဲ့ရတဲ့ထဲက တစ်မြို့ဖြစ်တဲ့ နေပြည်တော်က ဝန်ထမ်းတွေနဲ့ ပြည်သူတွေကို လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မိသားစုလိုဖြစ်တဲ့ ဝန်ထမ်းတွေကို လူကိုယ်တိုင်လာရောက်အားပေးခြင်းလည်း ဖြစ်ပါတယ်။ ဒီမှာ မြင်ရကြားရတာတွေက ရင်ထဲတော်တော်လေး မကောင်းပါဘူး။ ဘယ်သူမှ ရင်မဆိုင်ချင်ကြတဲ့ ဒုက္ခတွေကို ရင်ဆိုင်နေကြရတာလည်း ဖြစ်ပါတယ်။ ကိုယ့်မိသားစုတွေ ခံစားနေရသလိုကို ရင်ထဲခံစားနေရပါတယ်။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်၊ ထမင်းရှင် ပြည်သူတွေအတွက် ကျွန်တော်တို့ တတ်အားသရွေ့ လှူဒါန်းမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် အဆိုပါအဖွဲ့သည် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအတွက် အသင့်စားခေါက်ဆွဲခြောက်များနှင့် အားဖြည့်အချိုရည်များကို သွားရောက်လှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

အလားတူ MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan နှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ဝန်ထမ်းမိသားစုများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် နေရာများသို့ သွားရောက်၍ ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့် တစ်ရှူးများ လက်ရောက်ပေးအပ်လှူဒါန်းသည်။

ယမန်နေ့ကလည်း အဆိုပါအဖွဲ့သည် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ ယာယီအခြေပြုနေထိုင်လျက်ရှိကြသည့် နေရာများသို့သွားရောက်၍ ယာယီမိုးကာတဲ ၁၀ လုံး ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ရေသန့်များ၊ ခြင်ထောင်၊ ခြင်ဆေးခွေ၊ အချိုရည်၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဝန်ထမ်းများအတွက် ထမင်းဘူးများ၊ ကြက်ဥနှင့် ငါးခြောက်ကြော်များကို လည်းကောင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာအတွင်းရှိ ဝန်ထမ်းများအတွက် ထမင်းဘူး၊ကြက်ဥနှင့် ငါးခြောက်ကြော်များကိုလည်းကောင်း၊ သာသနာ့ပါလမြိတ်ကျောင်းတိုက်တွင် ထမင်းဘူး၊ ငါးခြောက်ကြော်နှင့် ကြက်ဥများကိုလည်းကောင်း၊ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်အိတ်တစ်အိတ်စီဖြင့် ဆန်အိတ် ၅၀၀ ၊ ရေသန့်ဘူးကတ် ၅၀ ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်အိတ် တစ်အိတ်စီဖြင့် ဆန်အိတ် ၁၀၀၀ နှင့် ရေသန့်ကတ် ၂၀၀ ကိုလည်းကောင်း လှူဒါန်းပေးခဲ့ပြီး နောက်ရက်များတွင်လည်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ခုနစ်ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဧပြီ ၅ ရက်တွင် ခုနစ်ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၅ ရက်အထိ နေပြည်တော် ဘူတာကြီး စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၅၉၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့(ဖျာပုံပေါ်ဆန်း) အိတ် ၉၉၀၊ ဆီပိဿာ ၁၀၃၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၂၃၂၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၂၅၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။



အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(မနောသုခ) ၁၇၁ အိတ်၊ စားအုန်းဆီပိဿာ ၁၃၂၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်း၊ စစ်ကိုင်းမြို့တွင် ဈေးကား လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(ရွှေဝါထွန်း) ၁၅၄ အိတ်၊ စားအုန်းဆီ ၂၅၅၇ ပိဿာ၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီပိဿာ ၄၃၀၊ အသားတုငါးပိသာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ကြောင့် ဆက်သွယ်မှုအခက်အခဲ ကြုံတွေ့နေရသည့် ပြည်သူများအား MPT က ဒေတာ၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းခေါ်ဆိုမှုနှင့် MPT အချင်းချင်း စာတို(SMS) ပေးပို့မှု ဒုတိယအကြိမ်အဖြစ် အခမဲ့ဝန်ဆောင်မှုပေး

**ရန်ကုန် ဧပြီ ၅**

ငလျင်ကြောင့် အခက်အခဲကြုံတွေ့နေရသည့်ဒေသရှိ ပြည်သူများအား MPT က ဒေတာ၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းခေါ်ဆိုမှုနှင့် MPT အချင်းချင်း စာတို(SMS) ပေးပို့မှုတို့ကို ဒုတိယအကြိမ် အခမဲ့ဝန်ဆောင်မှုအဖြစ် ယနေ့တွင် စတင်အသုံးနိုင်ကြောင်း ရန်ကုန်မြို့ MPT ရုံးမှ သိရသည်။

ဒုတိယအကြိမ်မြောက် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ငလျင်ဘေးဒဏ်ကြုံတွေ့နေရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား မိသားစုဝင်များနှင့် မိတ်ဆွေများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT က အခမဲ့ဒေတာ 1 GB၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းများသို့ ခေါ်ဆိုခွင့် မိနစ် ၁၀၀၊ MPT အချင်းချင်း ဖုန်းခေါ်ဆိုခွင့် မိနစ် ၇၀၀ နှင့် စာတိုပေးပို့ခွင့်(SMS) အစောင် ၇၀၀ တို့ကို ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်သင့်ဒေသတို့တွင်လည်း လှူဒါန်းလျက်ရှိကာ တယ်လီဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုအခက်အခဲများကိုလည်း အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်နေသည်။**သတင်းနှင့်ဓာတ်ပုံ-အောင်သန်းဦး**



# မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိ


**နေပြည်တော် မေ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၅

**မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူ့အချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်တွင်းရှိ ပူးပေါင်းအဖွဲ့များက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယနေ့တွင် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြသည်။**

ယနေ့နံနက်ပိုင်းမှ စတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့် မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အဖွဲ့များခွဲ၍ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်အလိုက် သွားရောက်၍ ပြည်သူများအားသဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများအား အသိပညာပေးခြင်း၊ သရုပ်ဖော်ပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆရာဝန်များ၊ သူနာပြုအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေး ခွေးများ၊ အထောက်အကူပြု ကားများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ မြို့နယ်၊ ရပ်ကွက်များ အတွင်းရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းကာ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက် သေဆုံးခဲ့ကြရသည့် ပြည်သူအချို့၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်စေရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့် မြို့နယ်၊ ရပ်ကွက်များသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုကာ ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွေ့လျားဆေးကုသယာဉ်အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး ပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား လုံခြုံစိတ်ချရသည့် နေရာများသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် မြို့နယ်များအလိုက် ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ထိခိုက်ပြိုကျပျက်စီးခဲ့ရာ အဆိုပါအိမ်ရာများအတွင်း နေထိုင်ကြသည့် ဝန်ထမ်းမိသားစုများအား လုံခြုံဘေးကင်းရာ နေရာများနှင့် ယာယီအခြေပြု နေထိုင်ကြမည့်နေရာများသို့ မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာန အစီအစဉ်များအလိုက် တပ်မတော်မှ မော်တော်ယာဉ်များနှင့်အတူ တပ်မတော်သားများ၏ ကူညီမှုများဖြင့် အမြန်ဆုံး ရွှေ့ပြောင်းပေးလျက်ရှိပြီး အဆိုပါနေရာများတွင် ဝန်ထမ်းများ စားသောက်နေထိုင်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေ၊ သုံးရေများရရှိနိုင်ရန်လည်း စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် မြို့နယ်များအလိုက် လမ်း၊ တံတားများသည်လည်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါလမ်းများပေါ်တွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက စက်ယန္တရားများ အသုံးပြု၍ ပြင်ဆင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် လျှပ်စစ်မီးတိုင်များ၊ ဓာတ်ကြိုးများသည်လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လျှပ်စစ်နှင့် စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည်လည်း အချိန်မီလျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး နေ့မအား ညမနား အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အများစု၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်သည်။

အလားတူ အလှူရှင်များ၊ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသင်းအဖွဲ့များသည်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ ယာယီအခြေပြု နေထိုင်လျက်ရှိကြသည့် နေရာများသို့ သွားရောက်၍ စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွေ့လျားရေသန့်မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ ဖြေရှင်းနိုင်ရေး ယာယီရေကန်များ၊ ငလျင်ဒဏ် ခံစားခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်းမော်တော်ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ သယ်ဆောင်လျက် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ နိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသာလျောင်းတောင်ပေါ်၌ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီး ပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီးတစ်ဝိုက်ရှိ ပြည်သူများအား ခေတ္တပြောင်းရွှေ့ထား

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များကြောင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေသာလျောင်းတောင်ပေါ်၌ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးမှာ ပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် ရွှေသာလျောင်းတောင်ခြေအနီးတစ်ဝိုက်၌ နေထိုင်သည့် ပြည်သူများ ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ခေတ္တပြောင်းရွှေ့နေထိုင်နိုင်ရေး ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်၌ ဝေဘူချောင်ဆွမ်းလောင်းမဏ္ဍပ်များနှင့် ဇရပ်များတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးခဲ့ပြီး လေးမျက်နှာဘုရား၊ ဈေးလမ်း၊ ရွှေသာလျောင်းတောင်ခြေနှင့် မင်းရဲမြောင်နယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူများကို မေ ၃ ရက်မှစတင်၍ နှစ်ရက်အတွင်း ယာယီပြောင်းရွှေ့ထွက်ခွာပေးရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အဆိုပါ ကျောက်တုံးကြီးနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် ဘူမိဗေဒပညာရှင်အဖွဲ့တစ်ဖွဲ့အား ယခုရက်အတွင်း စေလွှတ်၍ လေ့လာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့များ နေပြည်တော်သို့ ထပ်မံရောက်ရှိ



ထိုင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။

**နေပြည်တော် ဧပြီ ၅**

ငလျင်ဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေး ဆေးကုသမှုအဖွဲ့များသည် လေကြောင်းခရီးများဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိလာကြသည်။

ယနေ့တွင် ထိုင်းနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ မလေးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အလားတူ သီရိလင်္ကာနိုင်ငံမှ ၂၆ ဦးပါ ဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်းနှင့် အဆိုပါ ၂၆ ဦးပါဆေးအဖွဲ့သည် ကုန်ငါးတန်နှင့်အတူ နေပြည်တော်သို့ ဆက်လက်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့များသည် ငလျင်ဘေးသင့်ဒေသများရှိ ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ဆေးဝါးကုသမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ရောက်ရှိလာကြသည့် ကယ်ဆယ်ရေးနှင့် ဆေးကုသမှုအဖွဲ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့ Sky Villa အဆောက်အအုံအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**မန္တလေး ဧပြီ ၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်အတွင်းရှိ အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် Sky Villa အမည်ရှိ ကွန်ဒိုတိုက်ခန်းများ ပြိုကျပျက်စီးလျက်ရှိရာ ရှာဖွေကယ်ဆယ်ရေးစခန်းတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး(တရုတ်) ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများဖြင့် ယနေ့ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လာရောက်ကူညီဆောင်ရွက်နေသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်းက "မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးရဲ့ စီမံကွပ်ကဲမှုနဲ့ မြို့နယ်မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်တွေ၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၃၅ ဦး၊ လူမှုကူညီရေးအသင်းတွေ၊ တရုတ်နိုင်ငံမှ Blue Sky Rescue ကယ်ဆယ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Sky Villa ကွန်ဒိုနေသူတွေရဲ့ အဖိုးတန် ပစ္စည်းတွေကိုလည်း စနစ်တကျ သိမ်းဆည်းပြီး ပြန်လည်ပေးအပ်သွားမှာ ဖြစ်တယ်"ဟု ပြောကြားသည်။

အဆိုပါဆောင်ရွက်လျက်ရှိရာ နေရာသို့ နေ့စဉ် ထမင်းဘူး၊ မုန့်၊ အချိုရည်၊ ရေသန့်နှင့် စက်သုံးဆီအားသွင်းမီးလုံး/ဓာတ်မီးများကိုလည်း ပြည်သူများနှင့် ပရဟိတဖောင်ဒေးရှင်းများကလည်း ကူညီလှူဒါန်းလျက်ရှိသည်။ စတင်ဖြစ်ပွားသည့်နေ့မှ ဧပြီ ၅ ရက်အထိ လူနာ ၅၂ ဦးနှင့် သေဆုံးသူ ၅၆ ဦး တွေ့ရှိ၍ ရှာဖွေကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာနည်ကိုကို**



## Sky Villa ကွန်ဒိုအဆောက်အအုံအတွင်းမှ ရှာဖွေတွေ့ရှိသည့် ပစ္စည်းများကို ပိုင်ရှင်များထံစိစစ်၍ အပ်နှံပေးသွားမည်

**မန္တလေး ဧပြီ ၅**

မတ် ၂၈ ရက်က အပြင်းအထန်လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော် ရပ်ကွက် လမ်း ၆၀ ၂၃-၂၄ လမ်းကြားရှိ Sky Villa ကွန်ဒိုအဆောက်အအုံအတွင်း အသက်ရှင်ကျန်ရစ်သူများ၊ သေဆုံးသူများနှင့် အဖိုးတန်ပစ္စည်းများကို ပြည်တွင်းကယ်ဆယ်ရေးအဖွဲ့များအပြင် ပြည်ပကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးနှင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို မြေငလျင်စတင်လှုပ်ခတ်သည့်နေ့မှစ၍ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ဆောင်ရွက်ခဲ့ရာ အဆောက်အအုံအတွင်းမှ ဆယ်တင်ရရှိသော ငွေကြေး၊ ပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများကို ဧပြီ ၂ ရက်က တာဝန်ရှိသူများသည် ပစ္စည်းရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ ဖွဲ့စည်းကာ သက်ဆိုင်သူပုဂ္ဂိုလ်များကို စိစစ်၍ လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

Sky Villa ကွန်ဒိုအဆောက်အအုံတွင် နေထိုင်ကြသည့် ပြည်သူများ၊ နိုင်ငံခြားသားများ၏ ပစ္စည်းများပြန်လည်ထုတ်ယူခွင့်ရရှိနိုင်ရန် ပစ္စည်းပိုင်ဆိုင်သူများ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ ထုတ်ယူခွင့်ရရှိမည်ဖြစ်သည်။ အဆောက်အအုံအတွင်းမှ ရှာဖွေရရှိလာသည့် ပစ္စည်းများကို စနစ်တကျမှတ်တမ်းတင် လက်ခံသိမ်းဆည်းပြီး ပိုင်ရှင်ဖြစ်သူထံ စိစစ်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ကူညီကယ်ဆယ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက် သွင်းကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်များဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၅**

လတ်တလော ဖြစ်ပွားခဲ့သည့် အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် လိုအပ်လျက်ရှိသည့် ဆေးဝါး၊ သံချောင်း၊ သွပ်ပြားလိပ်၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံသုံးစက်နှင့် စက်အရန်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက် သွင်းကုန်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ အမျိုးအစားအလိုက် လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ငလျင်ဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော လိုအပ်လျက်ရှိသည့် ဆေးဝါးနှင့် ဆေးအထောက်အကူပြု ပစ္စည်းများအား တန်ဖိုးအားဖြင့် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၀၃ သန်း)ဖိုးကို ငလျင်ဖြစ်ပွားပြီးနောက် ယခုရက်ပိုင်းအတွင်း သွင်းကုန်လိုင်စင် ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် ပြည်တွင်း၌ ဆေးဝါးနှင့် ဆေးအထောက်အကူပြု ပစ္စည်းများ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် အထူးလိုအပ်သည့် ဆေးပစ္စည်းများကို သွင်းကုန်လိုင်စင်များ ဆက်လက် ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အထူးလိုအပ်သော သံချောင်းလုံး၊ သွပ်ပြားလိပ်၊ သံမဏိပစ္စည်း၊ ဆောက်လုပ်ရေးသုံး ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံ၊ မြေပြင်လုပ်ငန်းသုံး စက်ကိရိယာနှင့် ယာဉ်ယန္တရားသုံး စက်အရန်ပစ္စည်း တန်ဖိုးအားဖြင့် (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၃၉ သန်း)ကိုလည်း ငလျင်ဖြစ်ပွားပြီးနောက် သွင်းကုန်လိုင်စင် အမြန်ဆုံး ထုတ်ပေးခဲ့ကြောင်း၊ ငလျင်ဘေးသင့် ပြန်လည်ထူထောင်သည့် ကာလအတွင်း လိုအပ်ချက်ရှိသည့် အရေးကြီးကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ၂၄ နာရီအတွင်း သွင်းကုန်လိုင်စင်ရရှိရေး အမြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငလျင်ဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရဝန်ကြီးဌာနများအနေဖြင့် အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးများအပြင် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေး ပစ္စည်းများအား ပြည်ပမှ အချိန်မီတင်သွင်းနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် One Stop Service Team များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# စားရေရိက္ခာဖူလုံဖို့ သီးထပ်သီးညှပ်စိုက်ကြစို့

သင်းသင်းအေး(DOA)

ကမ္ဘာပေါ်ရှိ လူသားအားလုံးအပါအဝင် သက်ရှိသက်မဲ့ အရာအားလုံး ဒီကမ္ဘာမြေကြီးကို မှီတင်းနေထိုင်ကြရပါတယ်။ မိမိတို့ လူသားအားလုံး ကျန်းမာသန်စွမ်းစေဖို့ အစာအာဟာရအုပ်စုသုံးအုပ်စု ပြည့်စုံစွာစားသုံးဖို့ လိုအပ်ပါတယ်။

သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာလည်း ပြည့်စုံလုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးဟာ အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံက သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံ ဘက်ပေါင်းစုံကနေ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးခြင်း၊ စိုက်ဧရိယာတိုးချဲ့ခြင်း၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း စတဲ့ နည်းလမ်းပေါင်းစုံ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

တိုးပွားလာတဲ့ လူဦးရေနဲ့အတူ စားရေရိက္ခာ ဖူလုံရေးဟာ အဓိက အရေးအပါဆုံး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါတယ်။ လူသားအားလုံးဟာ နေ့စဉ် စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးပြေလည်စေဖို့ ကြိုးပမ်းဆောင်ရွက်နေကြရပါတယ်။ နေ့စဉ်စားသုံးနေတဲ့ အစားအစာတွေကို ဒီကမ္ဘာမြေပေါ်မှာ စိုက်ပျိုးကြရပြီး ဒီကမ္ဘာမြေကြီး ကျန်းမာသန်စွမ်းဖို့အတွက် မြေဆီလွှာအာဟာရပြည့်ဝအောင် လိုအပ်တဲ့ သွင်းအားစုတွေ ထည့်သွင်းဆောင်ရွက်ကြရပါတယ်။

ကျန်းမာသန်စွမ်းတဲ့ မြေဆီလွှာပေါ်မှာ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ အစားအစာတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ စိုက်ပျိုးထုတ်လုပ်သူတောင်သူတွေ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အားလုံးကို ပညာပေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက် ရှိပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်ဖို့အတွက် ကျန်းမာသန်စွမ်းတဲ့ မြေဆီလွှာဟာ အရေးပါသလို မြေဆီလွှာပေါ်မှာ စိုက်ပျိုးတဲ့ သီးနှံတွေ အထွက်နှုန်း တိုးတက်ရေးကလည်း အရေးအကြီးဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စားရေရိက္ခာဖူလုံစေဖို့ သီးထပ်၊သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ပညာပေးခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့အတွက် စိုက်ဧရိယာတိုးချဲ့ခြင်းနဲ့ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရာမှာ စိုက်ဧရိယာတိုးချဲ့ခြင်းဟာ ဧရိယာကန့်သတ်ချက်ရှိခြင်း၊ ကုန်ကျစရိတ်များပြားခြင်း စတဲ့ အခက်အခဲတွေ ရှိပါတယ်။ တစ်ဧကအထွက်နှုန်း တိုးတက်ဖို့အတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ လုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုးပွားလာတဲ့လူဦးရေနဲ့အညီ နေထိုင်နိုင်ဖို့အတွက် အထပ်မြင့်တိုက်တွေ၊ အိမ်ရာတွေ တည်ဆောက်ပြီး နေထိုင်ရသလို စားရေရိက္ခာ ဖူလုံစေဖို့မြေတစ်ဧကအပေါ်ကနေ သီးနှံအထွက်တိုးတက်စေဖို့အတွက်

**တိုးပွားလာတဲ့ လူဦးရေနဲ့အညီ နေထိုင်နိုင်ဖို့အတွက် အထပ်မြင့်တိုက်တွေ၊ အိမ်ရာတွေ တည်ဆောက်ပြီး နေထိုင်ရသလို စားရေရိက္ခာဖူလုံစေဖို့ မြေတစ်ဧကအပေါ်ကနေ သီးနှံအထွက်တိုးတက်စေဖို့အတွက် သီးနှံပုံစံတွေ ချမှတ်စိုက်ပျိုးဖို့ လိုအပ်**



နေကြာသီးနှံနှင့် ပြောင်းသီးနှံ စိုက်ပျိုးထားမှု။



ဓာတ်ပုံ-စိုက်ပျိုးရေး(ပြန်ကြားရေးဌာနခွဲ)

သီးနှံပုံစံတွေ ချမှတ်စိုက်ပျိုးဖို့လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ အောင်မြင်မှုပန်းတိုင်အချိန်တိုအတွင်း ရရှိအောင်မြင်နိုင်ဖို့ ကြိုတင်ပြီး စီမံကိန်းရေးဆွဲဆောင်ရွက်ရသလို သီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာလည်း စားရေရိက္ခာ ဖူလုံစေဖို့ မစိုက်ပျိုးမီ စိုက်ပျိုးမည့် သီးနှံမျိုးကွဲရွေးချယ်ခြင်း၊ သီးနှံပုံစံတွေနဲ့အတူ အထွက်တိုးရေးစိုက်ပျိုးနည်းစနစ်တွေကို အချိန်မီ ကြိုတင်စီစဉ် ဆောင်ရွက်ထားရမှာ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် သီးနှံပုံစံတွေ၊ စိုက်ပျိုးနည်းစနစ်တွေ၊ သီးနှံမျိုးကွဲတွေကိုလည်း ပြောင်းလဲကျင့်သုံးစိုက်ပျိုးဖို့ လိုအပ်ပါတယ်။

သီးနှံစိုက်ပျိုးခြင်းနဲ့ ပတ်သက်လို့ သီးနှံစိုက်ပျိုးရေးစနစ်၊ သီးနှံပုံစံအကြောင်းသိရှိဖို့ လိုအပ်ပါတယ်။ သီးနှံစိုက်ပျိုးရေးစနစ် (Cropping Systems) ဆိုတာကရှိပြီး သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ နေရောင်ခြည်၊ အလင်းရောင်၊ အစိုဓာတ်၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်၊ မြေဆီဩဇာ၊ အချိန်၊ နေရာ စတဲ့ အရင်းအမြစ်တွေနဲ့ နည်းပညာရပ်တွေကို အသုံးပြုပြီး အကောင်းဆုံး သီးနှံအထွက်ရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ သီးနှံပုံစံ(Cropping Pattern) ဆိုတာက သီးနှံစိုက်ပျိုးရေးစနစ်မှာပါဝင်ပြီး တစ်နှစ်အတွင်း နေရာတစ်ခုတည်းမှာ သီးနှံနှစ်ကြိမ်ကနေ သုံးကြိမ်ထက်မနည်း ပုံစံချစိုက်ပျိုးပြီး သီးနှံ စိုက်ဧကအပါအဝင် သီးနှံအထွက်နဲ့ သီးနှံစိုက်စွမ်းအားတိုးတက်အောင် ပြုလုပ်ခြင်း ဖြစ်ပါတယ်။ (ပုံစံချရဲ့ အဓိပ္ပာယ်က – မြန်မာနိုင်ငံရဲ့ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးခုမှာ ရာသီချိန်ကာလနဲ့ ကိုက်ညီတဲ့ မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေသီးနှံ တို့အတွက် စိုက်ပျိုးမယ့် သီးနှံနဲ့ စိုက်ပျိုးမယ့်အချိန်ကာလကို ကြိုတင်ရေးဆွဲသတ်မှတ်ခြင်း ဖြစ်ပါတယ်)။ သီးနှံပုံစံတွေ ရေးဆွဲရာမှာလည်း ကာလ၊ ဒေသ၊ သီးနှံသက်တမ်းတွေနဲ့ ရေလိုအပ်ချက်တွေအပေါ် မူတည် ရေးဆွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

| ဥပမာ – | မိုးရာသီ | ဆောင်းရာသီ | နွေရာသီ |
|---|---|---|---|
| သုံးသီးစိုက်သီးနှံပုံစံ | မိုးစပါး | ကုလားပဲ | နွေစပါး |
| | မိုးစပါး | ကုလားပဲ | နွေနှမ်း |
| နှစ်သီးစိုက်သီးနှံပုံစံ | မိုးစပါး | ကုလားပဲ | |
| | မိုးစပါး | ဂျုံ | |

သီးနှံပုံစံချစိုက်ပျိုးရာမှာ အခြေခံရမယ့်အချက်တွေကိုလည်း သိရှိလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆည်ရေသောက်ဒေသတွေမှာ တစ်ဧက အကျိုးအမြတ်များတဲ့ စပါးအခြေခံသီးနှံပုံစံကို ရွေးချယ်ဖို့၊ ရေလိုအပ်ချက်နည်းတဲ့ သီးနှံကို ရွေးချယ်ဖို့၊ သက်တမ်းတိုတဲ့ သီးနှံမျိုးကွဲတွေကို ရွေးချယ်ဖို့၊ တစ်ဧက အကျိုးအမြတ်ရရှိမှုများပြီး တွက်ခြေကိုက်တဲ့ သီးနှံကိုရွေးချယ်ဖို့၊ ဒေသ၊ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို ရွေးချယ်စိုက်ပျိုးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**သီးနှံပုံစံအမျိုးအစားအားဖြင့် ရှစ်မျိုးရှိပါတယ်။ အဲဒါတွေက–**

(၁) သီးထပ်စိုက်ပျိုးခြင်း(Sequential Cropping)
(၂) သီးညှပ်စိုက်ပျိုးခြင်း (Inter Cropping)
(၃) သီးသန့်စိုက်ပျိုးခြင်း (Sole Cropping)
(၄) တစ်မျိုးတည်းဆက်တိုက်စိုက်ပျိုးခြင်း(Mono Cropping)
(၅) သီးလှည့်စိုက်ပျိုးခြင်း(Crop Rotation)
(၆) သီးကြိုစိုက်ပျိုးခြင်း(Relayed Cropping)
(၇) အကန့်လိုက်စိုက်ပျိုးခြင်း(Strip Cropping or Alley Cropping)
(၈) သီးနှံစုံစိုက်ပျိုးခြင်း(Multiple Cropping) စသည်တို့ ဖြစ်ပါတယ်။

**သီးထပ်စိုက်ပျိုးခြင်း (Sequential Cropping) ဆိုတာ** တစ်နှစ်အတွင်း မြေတစ်ကွက်မှာ ပထမသီးနှံ ရိတ်သိမ်းပြီးနောက် နောက်ထပ်သီးနှံတစ်ခုကို ထပ်မံစိုက်ပျိုးခြင်း ဖြစ်ပါတယ်။ သီးထပ်သင်္ကေတမှာ (–) ဖြစ်ပါတယ်။

ဥပမာ – မိုးစပါး–ကုလားပဲ–နွေစပါး
မိုးစပါး–နေကြာ

သီးထပ်စိုက်ပျိုးရာမှာ – ရေလိုအပ်ချက်နည်းတဲ့သီးနှံ၊ သက်တမ်းတိုတဲ့ သီးနှံမျိုးကွဲတွေ တစ်ဧကအကျိုးအမြတ်များပြီး တွက်ခြေကိုက်တဲ့ သီးနှံတွေကို ရွေးချယ်စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

**သီးညှပ်စိုက်ပျိုးခြင်း (Inter Cropping)ဆိုတာ** မြေတစ်ကွက်အတွင်း သီးနှံနှစ်မျိုး/ နှစ်မျိုးထက်ပိုတဲ့ သီးနှံတွေကို တစ်ချိန်တည်း အတူတကွ (သို့မဟုတ်) ရောနှောစိုက်ပျိုးခြင်းကို ဆိုလိုပါတယ်။ သီးညှပ်စိုက်ပျိုးခြင်းမှာ Row Inter Cropping (အတန်းလိုက် သီးညှပ်စိုက်ခြင်း)နဲ့ Mixed–Inter Cropping (သီးရောစိုက်ပျိုးခြင်း) ဆိုပြီး နှစ်မျိုး ရှိပါတယ်။ သီးညှပ်သင်္ကေတမှာ (+) ဖြစ်တယ်။

ဥပမာ – မိုးစပါး – (ကုလားပဲ+နေကြာ)
ပဲစင်းငုံ+ပြောင်း

သီးညှပ်စိုက်ပျိုးရာမှာ အပင်အနိမ့်အမြင့်မတူညီတဲ့ သီးနှံ၊ သက်တမ်း(ရိတ်သိမ်းချိန်) မတူညီတဲ့သီးနှံ ၊ အပင်ပုံသဏ္ဌာန်မတူညီတဲ့ (ကိုင်းဖြာနဲ့ တစ်ပင်တိုင်) သီးနှံ၊ ရေလိုအပ်ချက်တူညီတဲ့ သီးနှံတွေကို ရွေးချယ်စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

အကန့်လိုက်စိုက်ပျိုးခြင်း (Strip or Alley Cropping) ဆိုတာ သီးနှံနှစ်မျိုး(သို့) နှစ်မျိုးထက်ပိုတဲ့သီးနှံတွေကို လုံလောက်တဲ့ အကျယ်အဝန်းနဲ့ သီးခြားလွတ်လပ်စွာ အကန့်လိုက်အတိုင်း စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။ (တောင်ကုန်း၊ တောင်စောင်းတွေ ကွန်တိုအကန့်တွေမှာ သီးနှံတစ်မျိုးစီကို စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။) သင်္ကေတအားဖြင့် ( // ) နဲ့ ဖော်ပြတယ်။

ဥပမာ – ယာစပါး // ဖူးစားပြောင်း

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးထုတ်လုပ်သူတောင်သူတွေကို သီးထပ်သီးညှပ်တွေ စနစ်တကျ စိုက်ပျိုးတတ်လာစေဖို့ ပညာပေးခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးရင် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို လက်တွေ့သိရှိအောင် အကျိုးဆောင် တောင်သူတွေနဲ့ ပူးပေါင်းပြီး စံပြစိုက်ခင်းတွေ စိုက်ပျိုးပြသတာ၊ ကွင်းသရုပ်ပြပွဲတွေ ပြုလုပ်ပြသတာတွေကို လက်တွေ့ ဆောင်ရွက်ပြသလျက်ရှိပါတယ်။

သီးထပ်သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် မြေယာအသုံးချမှုတန်ဖိုးတွေ မြင့်တက်လာတဲ့အပြင် မြေတစ်ကွက်အပေါ်ကနေ တစ်ဧကကုန်ကျစရိတ်နဲ့ ဝင်ငွေအချိုးရရှိမှု မြင့်မားလာခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားလာပြီး စားရေရိက္ခာ ပိုမိုရရှိလာကာ ဖူလုံပိုလျှံလာခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေရဲ့ လူမှုဘဝတိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ တိုးပွားလာတဲ့ လူဦးရေအတွက် စားရေရိက္ခာတွေ ဖူလုံပိုလျှံလာမယ့်အပြင် သီးနှံစိုက်စွမ်းအားတွေ တိုးတက်လာခြင်း၊ သီးထပ်စွမ်းအားတွေ တိုးတက်လာခြင်း၊ မြေတစ်ဧကကနေ တစ်နှစ်အတွင်း သီးနှံစုံ စိုက်ပျိုးထုတ်လုပ်လာနိုင်ခြင်း၊ ပိုလျှံတဲ့ သီးနှံတွေကို ပြည်ပကို တင်ပို့ရောင်းချနိုင်မှာ ဖြစ်လို့ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ စားရေရိက္ခာဖူလုံဖို့ သီးထပ်သီးညှပ် စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းဖော်ပြအပ်ပါတယ်။

## ဘိုကလေးပညာရေးဒီဂရီကောလိပ်၏ ပညာရေးဆိုင်ရာ ဒီပလိုမာသင်တန်းများဖွင့်လှစ်

**ဘိုကလေး မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ ယနေ့နံနက် ၉ နာရီက ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ အမှတ်စဉ်(၁/၂၅)နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ်(၁/၂၅)သင်တန်းများကြိုဆိုပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဘိုကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ရာ ဘိုကလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက လက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား မြို့နယ်အလိုက် သင်တန်းသား သင်တန်းသူများက မိတ်ဆက်ခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနား လွိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် မေ ၅**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကယားပြည်နယ်ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ကယားပြည်နယ်ဥပဒေချုပ် ဦးကြည်မြိုင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏လမ်းညွှန်ချက်များ၊ ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နှင့်မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများကို တင်ပြကြပြီး ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နှင့်မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုဇင်(ပြန်/ဆက်)**



## တောင်ငူခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**တောင်ငူ မေ ၅**

မတ် ၂၈ ရက်တွင် ပြင်းထန်မြေငလျင် လှုပ်ခတ်မှုကြောင့် တောင်ငူခရိုင် အတွင်းရှိ ပြိုကျပျက်စီးမှုများအား ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်အားပြင်းထန်သည့် မြေငလျင် လှုပ်ခတ်မှုကြောင့် ရန်ကုန် - မန္တလေး အမြန်လမ်း မိုင် ၁၄၅/၁-၁၄၅/၃ ခပေါင်းတံတား ချဉ်းကပ်လမ်းနိမ့်ကျခြင်းအား ခရီးသွားယာဉ်များ အဆင်ပြေသွားလာနိုင်ရေး အတက်အဆင်းပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ တောင်ငူ တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ အက်ကွဲပြိုကျ ပျက်စီးနေမှုများ၊ မိုင်တိုင် (၁၆၅) ဆွာချောင်း တံတားပျက်စီးမှုအား ဘေလီတံတားထိုးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပြီး မော်တော်ယာဉ်ယာဉ်များ ဖြတ်သန်းနေမှုအခြေအနေများ၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၈၅) အထိ ခရီးသွားယာဉ်ယာဉ်များ သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၃ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသောအကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၄ ရက်တွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၅၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၈၀၅၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၈၀၅၀၀ ကို ဖမ်းဆီးရမိပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၆၂၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၆၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Khittara MPV Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်





**မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။**

လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၁၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်စက်မှုဇုန်ထုတ် Toe Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၂၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၈၆၉၅၁) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၉၃၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၇၉၉၅၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၈၃၂၅၁)ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးမြို့၌ အခြေခံတယောသင်တန်းဖွင့်လှစ်

**မကွေး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အခြေခံတယောပညာ သင်တန်းဖွင့်ပွဲ အခန်းအနားကို ဧပြီ ၃ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ကျောင်းသူ ကျောင်းသားများအတွက် ပန်းချီ၊ အနုပညာ၊ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်ညွှန်ကြားမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့မှ ပူးပေါင်း၍ မကွေးမြို့တွင် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။



ဆက်လက်၍ အခြေခံပညာ တယောသင်တန်းတွင် သင်ကြားပြသမည့် တယောနည်းပြများက တယောတီးခတ် သရုပ်ပြသ၍ အခြေခံတယောသင်တန်းကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး မကွေးမြို့တွင် နွေရာသီလူငယ်ရေးရာသင်တန်းများဖြစ်သော ကင်းထောက်၊ ယဉ်ကျေးလိမ္မာ၊ ကြက်ခြေနီ၊ ကွန်ပျူတာ၊ ပန်းချီ၊ အခမ်းအနားမှူး၊ အားကစားနည်း၊ ပန်းဖွား၊ ဘင်ခရာ၊ ကဗျာလွတ် အစရှိသည့် သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၁၈ ဦး တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မော်ဘီမြို့နယ်၌ နွေရာသီအားကစား အခြေခံသင်တန်းဆင်းပွဲများ ကျင်းပ

**မော်ဘီ ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအားကစားအခြေခံသင်တန်း တိုက်ကွမ်ဒိုလက်ရည်စစ်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ဘောလုံးကစားနည်း၊ ဖူဆယ်ကစားနည်း၊ ဂျူဒိုအားကစားနည်းနှင့် ကြက်တောင်ကစားနည်းများ၊ သင်တန်းဆင်းပွဲများကို ယမန်နေ့က မော်ဘီမြို့မ အားကစားရုံသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အားကစားကော်မတီ ဥက္ကဋ္ဌ ဦးအေးမင်းမောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို ရွှေတံဆိပ်ဆုရှင် ဦးသစ်လွင်နှင့် ဒိုင်အဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဒေါ်လှဲ့လှဲ့လွင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။



ဆက်လက်၍ တိုက်ကွမ်ဒိုလက်ရည်စစ်ပြိုင်ပွဲ ကျင်းပခဲ့ရာ တိုက်ကွမ်ဒို အမျိုးသားကကွက် (၃၊၄) ပြိုင်ပွဲ၊ အမျိုးသမီးကကွက် (၂၊ ၃ )ပြိုင်ပွဲ၊ အမျိုးသားအတိုက်ပြိုင်ပွဲနှင့် အမျိုးသမီးအတိုက်ပြိုင်ပွဲများမှ ဆုရသင်တန်းသားများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**



## သထုံမြို့၌ နွေရာသီအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**သထုံ ဧပြီ ၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် နွေရာသီအဆင့်မြင့်နှင့် အခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂ ရက်က နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တာဝန်ရှိသူများက သင်တန်းနည်းပြတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် သင်တန်းထူးချွန်သူတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်ကာလတွင် သထုံမြို့နယ်အတွင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၏စီစဉ်မှုဖြင့် ဘောလုံး၊ ဘော်လီဘော၊ မြန်မာ့သိုင်း၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ခရစ်ကတ်နှင့် တင်းနစ်တို့၏ အခြေခံ အားကစားသင်တန်းများကို မတ် ၁ ရက်မှ ၂၁ ရက်အထိ လည်းကောင်း အဆင့်မြင့် အားကစားသင်တန်းများကို မတ် ၂၂ ရက်မှ ဧပြီလ ၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**ကွမ်းခြံကုန်း ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိစေရန် အသိပညာပေး ဟောပြောပွဲကို ဧပြီ ၄ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်စုသီတာလင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မီးခိုးမြူငွေ့ လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှု၊ အိမ်တွင်း ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ ဆောင်ရန်ရှောင်ရန်စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ် သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးကြောင်း သိရသည်။ **မောင်ခိုင်**



## လပွတ္တာခရိုင်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

**လပွတ္တာ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် လပွတ္တာမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၄ ရက်က A1 စက်သုံးဆီအရောင်းဆိုင်သို့ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်မီးကတ်များ စနစ်တကျထားရှိစေရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊ အရေးပေါ် မီးသတ်ပိုက်လိုင် စနစ်တကျတပ်ဆင်ထားမှုများ၊ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားလာပါက အမြန်ဆုံး စနစ်တကျထားရှိမှုများကို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(လပွတ္တာ)**

## ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဈေးကားများဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ပဲခူး ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တာဝန်ရှိသူများ ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စားသောက်မှု အဆင်ပြေစေရေးအတွက် အခြေခံစားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကိုဈေးကားများဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချ ပေးလျက်ရှိသည်။

မတ် ၂၈ ရက်က ငလျင်ဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီး (အရှေ့ပိုင်း) ရှိ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ရှိ မြို့/ရွာအချို့တွင် ငလျင်ဘေးဒဏ် ထိခိုက်ခံစားခဲ့ရပြီး အဆိုပါနေရာများရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား စားသောက်မှု အဆင်ပြေစေရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသထုတ်ကုန် ရောင်းချသူများ ပူးပေါင်းအဖွဲ့က ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆားနှင့် ကြက်ဥများအပါအဝင် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။**
**ဦးခေါင်းကို ဦးစားပေးအကာအကွယ်ယူပါ။**
**အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

# မော်လမြိုင် – ရန်ကုန်သွား မီးရထားလမ်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၅**

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ အလစ်အငိုက် လုပ်ဆောင်လျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ထုတ်ပြန်ထားပြီးဖြစ်သော်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၇ နာရီခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၁၁၀၀၀ ခန့်အကွာရှိ မိုင်တိုင်အမှတ် (၁၀၇/၉) နှင့် မိုင်တိုင်အမှတ် (၁၀၇/၁၀) ကြား အရှည် ပေ ၄၀ ရှိ သံပေါင်အမျိုးအစား တံတား အမှတ်(၅၉) နေရာ မော်လမြိုင်–ရန်ကုန်သွား မီးရထားလမ်းကို ဒေသန္တရလက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအောက်ခြေတိုင် နှစ်ပေခွဲခန့် ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါ ပျက်စီးမှုများကြောင့် မီးရထားများဖြတ်သန်းသွားလာမှုကို မထိခိုက်စေဘဲ ကောင်းမွန်စွာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရှိရသည်။

ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ကာလအတွင်းတွင် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော နေရာများ၌ အကြမ်းဖက်လုပ်ဆောင်ခြင်းများသည် ပြည်သူများအား ပိုမို အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ သွားလာမှုခက်ခဲစေရန်နှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းများဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားအောက်ခြေတိုင် ပျက်စီးခဲ့မှုနှင့် မီးရထားများ စမ်းသပ်သွားလာမှုတို့ကို တွေ့မြင်ရစဉ်။






မော်လမြိုင်–ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် နေရာပြပုံ။



မော်လမြိုင်–ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုနှင့် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများနှင့်ဆေးရုံဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် ယင်းမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှု၊ မတ် ၁ ရက်မှ ၅ ရက်အထိ(၃/၂၀၂၅)လအတွက် မီတာဖတ်ရှုနေမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိစဉ် ဖီဒါအလိုက် ဓာတ်အားပျောက်ဆုံးမှု၊ မီတာဖတ်ရှုထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ၆၆ /၁၁ ကေဗွီ YCDC ရေတွန်းစက် ခွဲရုံ မီတာများ၊ ၁၂၅ ရပ်ကွက်သို့ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းထားမှုအခြေအနေများ၊ စိတ်ကျန်းမာရေးဆေးရုံရှိ ၃၃ /၀.၄ ကေဗွီ ဓာတ်အားခွဲရုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ညောင်တုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးကုသမှုများဆောင်ရွက်

**ညောင်တုန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၅၃ ဦး ပါဝင်သည့်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက ဆားမလောက်ကျေးရွာတောင်သူလယ်သမားဆေးရုံ၌ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးကုသမှုဆောင်ရွက်ရာတွင် အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ အကြောအဆစ်ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ စသည်တို့ကို ရောဂါရှာဖွေ စစ်ဆေးကုသခြင်းများဆောင်ရွက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ အခမဲ့ဆောင်ရွက်လျက်ရှိပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလှိုင်ဦးတို့က လိုက်လံကြည့်ရှုအားပေး၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်၄၁၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ်၊ ၂လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော ပေ(၁၂ ½ x ၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး ဝန်ခံပြောဆိုသူများဖြစ်ကြသည့် ဒေါ်ကြူကြူမွေး ၁၂/စခန(နိုင်)၀၂၃၀၂၂၊ ဦးသူရဖြိုး ၁၄/ငပတ(နိုင်)၁၆၈၉၀၇ တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအိလဲ့ဖြူ ၇/ပခန(နိုင်)၃၁၆၉၀၁ က တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေထွန်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃၀)**

**အမှတ်(၄)၊ ပဒေသာလမ်း၊ မြေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၅၀၀၅၈၅၄၇**




## ဂျပန်နိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုအဖွဲ့ ငလျင်ဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသရန် နေပြည်တော်သို့ ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၅**

ဂျပန်နိုင်ငံ Peace Winds Japan Medical Tean အဖွဲ့ ဆရာဝန်များနှင့် သူနာပြုရှစ်ဦးတို့သည် ငလျင်ဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ဦးမင်ဦး (လောကနတ်) နှင့် Bare Foot doctors Myanmar အဖွဲ့က ကြိုဆိုကြသည်။

အဆိုပါဆရာဝန်များနှင့် သူနာပြုအဖွဲ့သည် ဂျပန်နိုင်ငံ JICA ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် ပူးပေါင်းကာ ငလျင်ဒဏ်သင့်ပြည်သူများဆေးဝါးကုသရန် နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရွှေမိုက်ချွတ်လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၆-၄-၂၀၂၅

(၂) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၄-၂၀၂၅ (၁၆:၀၀)နာရီ

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး**

**ဖုန်း- ၀၉ ၇၇၁ ၆၃၆ ၈၉၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉)မှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောရေငန်တားတာများ ပုံစံကျပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော ဒီဇယ်ဆီ(H.S.D)များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသောကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (၁) **ပစ္စည်းဝယ်ယူခြင်း** | - **ဒီဇယ်ဆီ(H.S.D) ဝယ်ယူခြင်း** |
| (၂) - **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** | - ၇-၄-၂၀၂၅ ရက် နံနက် (၁၀:၀၀) နာရီ |
| - **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** | - ၂၃-၄-၂၀၂၅ ရက် ညနေ (၄:၀၀) နာရီ |
| - **တင်ဒါလျှောက်လွှာပုံစံ တင်သွင်းခြင်းပိတ်မည့်ရက်/အချိန်** | - ၂၄-၄-၂၀၂၅ ရက် ညနေ (၄:၀၀) နာရီ |
| - **တင်ဒါဖွင့်မည့် ရက် / အချိန်** | - တင်ဒါတင်သွင်းသည့်ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များသို့ သီးခြားကြေညာပေးပါမည်။ |
| - **တင်ဒါဖွင့်မည့်နေရာ** | - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

အထက်ပါစည်းမျဉ်းစည်းကမ်းများ၊ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်- ၀၉-၄၂၈၂၂၆၅၇၄၊ ၀၉-၂၅၀၀၆၅၂၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## လယ်ဝေးမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများ ယာယီတည်းခိုနေထိုင်ရန်အတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်

**နေပြည်တော် မေ ၅**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ ရက်က အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဘုရားစေတီများ၊ သာသနိက အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများ တည်းခိုနေထိုင်နိုင်ရန်အတွက် ယာယီကယ်ဆယ်ရေးစခန်းကို လယ်ဝေးမြို့ အမှတ်(၂) လေ့ကျင့်ရေးစခန်းတွင် ဖွင့်လှစ်ထားရှိပြီး လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူရနှင့် တာဝန်ရှိသူများက လာရောက်နေထိုင်သည့် ပြည်သူများ အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

## ဖြူးမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဖြူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့မှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ဆန်နှင့်အခြေခံစားသောက်ကုန်များကို မြို့ပေါ်ရပ်ကွက်များသို့ လိုက်လံရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀၊ ဆီတစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ကြက်ဥဆယ်လုံး ငွေကျပ် ၄၀၀၀၊ ကြက်သွန်နီ ၅၀ သား ငွေကျပ် ၁၀၀၀၊ ခရမ်းချဉ်သီး ၂၅ ကျပ်သား ငွေကျပ် ၅၀၀ နှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးကြောင်းနှင့် ရပ်ကွက်အလိုက် နေ့စဉ်လှည့်လည် ရောင်းချပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)

## အလုံမြို့နယ်၌ နွေရာသီအခြေခံဘောလုံးအားကစားသင်တန်း၊ ကရာတေးနှင့် တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲကျင်းပ

**အလုံ မေ ၅**

အလုံမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံဘောလုံးအားကစားသင်တန်း၊ ကရာတေးနှင့် တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ဆင်မင်းရပ်ကွက်ကမ်းနားလမ်း၊ ဆင်မင်းမြက်ခင်းတုဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးရဲကိုကို၊ အဖွဲ့ဝင်ဦးအောင်စိုး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးရဲကိုကိုက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းလက်မှတ်များအား မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌထံသို့ ပေးအပ်ခြင်းနှင့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

## ငလျင်ဘေးသင့်ပြည်သူများသို့ ရှာဖွေ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် မေ ၅ ရက်အထိ သေဆုံးသူ ၃၄၇၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၆၇၁ ဦးနှင့် ပျောက်ဆုံးသူ ၂၁၄ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၈၂ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၅ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ်စင်းရေ နှစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၉ ဒသမ ၉၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**GGI NIPPON LIFE အသက်အာမခံ**

## "ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း"

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံအကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

**GGI TOKIO MARINE GENERAL INSURANCE**

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် "GGI Tokio Marine General Insurance Company"၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**







### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၁၀)မျိုး (၂၇၄)လုံး၊ ဘက်ထရီမျိုးစုံ (၅)မျိုး (၂၂၁)လုံးနှင့် ယန္တရားအပိုပစ္စည်း(၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဖြစ်၍တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ၆၂လမ်း၊ (၁၀၆လမ်း x ၁၀၇ လမ်းကြား) စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် (၇-၄-၂၀၂၅ မှ ၁၁-၄-၂၀၂၅)ရက်ထိ ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အိတ်ဖွင့်တင်ဒါများအား (၇-၅-၂၀၂၅)ရက်၊ နံနက် (၀၉:၀၀) နာရီတွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ (ဖုန်း-၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါ ( Open Tender )ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - (၂၂-၄-၂၀၂၅)ရက်(အင်္ဂါနေ့) (ရုံးချိန်အတွင်း)

( ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၉-၅-၂၀၂၅)ရက်(သောကြာနေ့) (၁၅:၃၀)နာရီ

( ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ထပ်မံကြေညာပါမည်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပြည်တော်သာ၊ ပုသိမ်မြို့တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း - ၀၄၂-၂၀၂၃၇၇၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

### မောင်ထင်မင်းဟန် (၁၁/တကန(နိုင်)၁၂၉၇၃၀) နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမေသူလွင် (၁၁/မအန(နိုင်)၀၈၀၉၀၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ မမေသူလွင် (၁၁/မအန(နိုင်)၀၈၀၉၀၃) နှင့် မောင်ထင်မင်းဟန် (၁၁/တကန(နိုင်)၁၂၉၇၃၀) တို့မှာ လူငယ်သဘာဝ ချစ်ကြိုက်ခဲ့ကြပြီး လွန်ခဲ့သော ၁၂-၃-၂၀၂၅ ရက်တွင် ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် နှစ်ဖက်မိဘများအား အသိသက်သေလက်မှတ်ရေးထိုးစေကာ အကြင်လင်မယားအဖြစ် လက်ထပ်စာချုပ်ချုပ်ဆို ပေါင်းသင်းခဲ့ကြကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး ၂-၄-၂၀၂၅ ရက် နံနက် (၉)နာရီကျော်ခန့်အချိန်တွင် မောင်ထင်မင်းဟန် ၏အဒေါ်မှ လာရောက်ရန် ဖုန်းဖြင့်ခေါ်ယူခဲ့သဖြင့် ထွက်သွားခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ၂-၄-၂၀၂၅ ရက် ညနေ(၃:၃၀)ခန့်အချိန်တွင် မောင်ထင်မင်းဟန်မှ ကျွန်ုပ်မိတ်ဆွေထံ ၄င်းပြန်လာနေပြီဖြစ်ကြောင်း ဖုန်းဖြင့် အကြောင်းကြားခဲ့သော်လည်း ယခုလက်ရှိထိ ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ မောင်ထင်မင်းဟန်နှင့်အတူ ကျွန်ုပ်မိတ်ဆွေ မမေသူလွင် ၏ နိုင်ငံသားကတ်ပြားနှင့် မောင်ထင်မင်းဟန်၏ဖခင် ဦးဟန်တင်မှ လက်ဖွဲ့ပေးအပ်ခဲ့သော ၁၆ ပဲရည် ရွှေအခေါက် နှစ်ကျပ်ကိုးပဲသားလည်း ပါသွားခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ မောင်ထင်မင်းဟန်သည် ကျွန်ုပ် မိတ်ဆွေထံသို့ (၇)ရက်အတွင်း အမြန်ဆုံးလာရောက်ဖြေရှင်းဆောင်ရွက်ပါရန်နှင့် ၎င်းအား သွေးဆောင်ဖြားယောင်း လက်ခံပေးထားပါက လက်ခံထားသူ များကိုပါ တည်ဆဲဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆွေဖြိုး (စဉ်-၅၆၂၂၁)(၂၀၂၄)**
**အထက်တန်းရှေ့နေ**
**တိုက်(၂)၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/29720 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myamar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/61166 Honda Click 110 ယာဉ်လက်ဝယ်ရှိသူ NCX Myamar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/34378 Honda Air Blade 110 ယာဉ်လက်ဝယ်ရှိသူ ဦးထက်အာကာ ၈/ဝဝန(နိုင်)၁၁၄၂၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9002 HONDA ACTY HA6 PICKUP (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင် ၅/မမတ(နိုင်)၀၅၉၄၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်) မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/6780 Honda 50CC ယာဉ် လက်ဝယ်ရှိသူ ဦးကျော်မြတ်ကို၁၃/တကန(နိုင်)၁၄၂၃၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်း
## (မြန်မာ့သစ်လုပ်ငန်း၊ အကြီးတန်းစာရေး (ငြိမ်း)၊ ပခုက္ကူမြို့)
## အသက်(၈၃)နှစ်

ပခုက္ကူမြို့၊ ရွှေချောင်းကွက်သစ်နေ(ဦးသောင်း-ဒေါ်မြဆင့်)တို့၏သမီး၊ (ဦးဘိုးထိုက်-ဒေါ်ပန်းမြိုင်)တို့၏ချွေးမ၊ ဦးစိုးသန်း-ဒေါ်မိုးမိုးအောင်၊ ဒေါ်သင်းသင်းချို၊ Dr.သူရ(ဆေးရုံအုပ်ကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)-ဒေါ်ထားထားနိုင်၊ ဦးသက်ထွန်းအောင်-ဒေါ်သန်းသန်းစိုး၊ ဦးလှမျိုးနိုင်-ဒေါ်စုစုထွေး၊ ဦးလူမော်-ဒေါ်တင်တင်ထွေး၊ ဦးဇော်မင်းထွန်း-ဒေါ်စုစုမော်တို့၏မွေးသမိခင်၊ မြေး(၇)ယောက်တို့၏အဘွား၊ ဦးတင်ကြီး(မြန်မာ့သစ်လုပ်ငန်း၊ လက်ထောက်အထွေထွေမန်နေဂျာ၊ ရောင်း/စက်(ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၅-၄-၂၀၂၅ရက်(စနေနေ့)နံနက် (၉:၃၀)နာရီတွင် ဘ၀တစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရုပ်ကလာပ်အား ၆-၄-၂၀၂၅ရက် နံနက် (၁၁)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ၉-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၉ နာရီအထိ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ရေဝေးသုသာန်သို့ ပို့ဆောင်မည့်ကားများ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ နံနက် ၉နာရီတွင် စတင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်သန်း
## (မြန်မာ့သစ်လုပ်ငန်း၊ အကြီးတန်းစာရေး (ငြိမ်း)၊ ပခုက္ကူမြို့)
## အသက် (၈၃) နှစ်

Dr. သူရ (ဆေးရုံအုပ်ကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)-ဒေါ်ထားထားနိုင်တို့၏မွေးသမိခင် ပခုက္ကူမြို့၊ ရွှေချောင်းကွက်သစ်နေ ဒေါ်ခင်သန်း၊ မြန်မာ့သစ်လုပ်ငန်း- အကြီးတန်းစာရေး (ငြိမ်း) အသက်(၈၃)နှစ်သည် ( ၅-၄-၂၀၂၅ )ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနန္ဒဝင်းနှင့်**
**ရန်ကုန်တိုင်းကျန်းမာရေးမိသားစု**
**(ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဦးစိုးလွင်လွင်(ဘ)ဦးကျော်လွင်(၁၂/သကတ(နိုင်)၁၇၆၁၅၉)ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ် (၉၁၉/ခ)၊ နှစ်(၆၀)ဂရန်မြေ၊ ဒုတိယထပ် (၃)လွှာ၊ အလျားxအနံxအမြင့် (၁၉ပေx၅၄ပေx၉ပေ)ရှိ ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့် တိုက်ခန်းတစ်ခန်းအား ၂၀၂၃ခုနှစ်၊ ဇွန်လ (၂၉)ရက်တွင် ဒေါ်ဝါဝါမျိုး (၁၂/ဒပန(နိုင်)၀၀၂၆၉၁)နှင့် ဒေါ်သန္တာကြည်အောင် (၁၂/သကတ(နိုင်)၀၄၁၂၈၄)တို့ထံမှ ဝယ်ယူကာ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာနွယ် (LL.B, D.B.L, LQB, UK) WIPO Switzerland**
**အထက်တန်းရှေ့နေ (စဉ်-၃႞႞၃)**
**ဖုန်း-၀၉-၅၀၆၈၇၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၂)လမ်း၊ အမှတ်(၂၉/က) မြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ (၁)ခန်းတွဲ(၆)ထပ်၊ R.C အဆောက်အအုံမှ တတိယထပ် (၄လွှာ) အကျယ်အဝန်း(၁၇ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားအကျိုးခံစားခွင့်ရှိသူ ကန်ထရိုက်တာ ဒေါ်နုနုလွင် (၁၂/ဒဂန(နိုင်) ၀၂၁၀၀၃)မှ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ကိုသန့်စင်ထွန်း(၁၂/ဥကမ(နိုင်)၂၄၇၇၈၁မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါလျှင် စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ဇွန်ပန်းဖွေး** | **ဒေါ်ရွှေရည်ထွန်း** |
| **အထက်တန်းရှေ့နေ(စဉ်-၃၄၉၇၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၃၂၄)** |

**တိုက်(၆)၊ ပိတောက်လမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၀၂၈၄၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ၇/ပဒေသာ၊ ဦးပိုင်အမှတ်(၂၆၆)၊ မြေဧရိယာ(၀.၅၅)ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်၊ အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်မာရီမြင့် ၉/စကန(နိုင်)၀၆၂၈၅၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5R/4067 C2W ယာဉ်လက်ဝယ်ရှိသူ ဦးမောင်းခွန် ၁၃/နစန(နိုင်)၀၅၄၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(လွိုင်လင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဧယ/၂၁၇၉၅ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဝင်း ၁၀/မလမ(နိုင်)၁၁၅၁၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်းဒါယိကာမကြီး
# ဒေါ်မြကြည်(ခ)ဒေါ်ညို
## ကျောက်တန်းမြို့နယ်အသင်း
## အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ် ၁/က(ဒဂုံနှင်းဆီခြံ)နေ(ဦးသန်းဆွေ) ၏ဇနီး၊ ဦးအေးငွေ- ဒေါ်စန္ဒာမောင်၊ ဦးအောင်ဝင်း-ဒေါ်သင်းသင်းခိုင်၊ ဦးသောင်းလေး- ဒေါ်မိမိချိုတို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်မြကြည်သည် ၄-၄-၂၀၂၅ရက်(သောကြာနေ့)နံနက် ၇:၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် (၁၀:၃၀)နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
# ဒေါ်ထွေးမြင့်
## (ဆောက်/လျှပ်)
## အသက်(၈၃)နှစ်

တောင်ကြီးမြို့နေ(ဦးဖုန်း-ဒေါ်ပွင့်)တို့၏သမီးငယ်၊ ရန်ကုန်မြို့နေ(ယောဂီဦးတင်-ဒေါ်ရှုကြည်)တို့၏ချွေးမ၊ စာရေးဆရာ(ဗဟိုသိမ်းဆောင်)၏ဇနီး၊ ဦးမင်းအောင်ခိုင်-ဒေါ်ချိုမာအေး၊ ဦးယဉ်မိုး(ခရိုင်လျှပ်စစ်မန်နေဂျာ၊ အနောက်ပိုင်းခရိုင်၊ YESC)-ဒေါ်အေးအေးခင် (အလယ်တန်းပြ၊ အ-ထ-က(၃)(ဒဂုံမြောက်)၊ (ဦးမြတ်သူ)-ဒေါ်မိုးမိုးစန်း၊ ဒေါ်ဝင်းမြတ်ကျော့၊ ဦးကျော်ဇင်လင်းတို့၏ ချစ်လှစွာသော မွေးမိခင်ကြီး၊ မြေး(၇)ယောက်၊ မြစ်(၄)ယောက်တို့၏အဘွား၊ ဒေါ်ထွေးမြင့်၊ အသက်(၈၃)နှစ်သည် ၅-၄-၂၀၂၅ရက်၊ နံနက် ၆နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၃၇၉/ခ) မြေညီထပ်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၅ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၂၅ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တာမွေမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဦးခွန်ရွှေဖြိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဆုမွန်အောင်) | နှင့် | ဒေါ်နန်းမြတ်မိုးဆွေ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၁၁၈၄) နေ တရားပြိုင် ဒေါ်နန်းမြတ်မိုးဆွေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၃၄,၂၀၀,၀၀၀/- နှင့် နစ်နာကြေးငွေ ၁၅၈,၀၀၀,၀၀၀/- စုစုပေါင်းငွေ ၅၀၀,၀၀၀,၀၀၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇာခြည်လှိုင်)
မြို့နယ်တရားသူကြီး
တာမွေမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/13205 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၇/တငန(နိုင်)၁၇၅၈၈၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## သင့်သွေးဖြင့် အသက် ကယ်ပါ

## သွေးသည် အသက်

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဧယျာသုခ(ဘက) Grade-5 တွင် ပညာသင်ကြားနေသော (ဘ)ဦးဝင်းမင်းလတ် ၉/မစန(နိုင်)၁၄၅၅၁၂ ၏သားအမည်မှန်မှာ မောင်ဧယျာမင်းထက်စိုး ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၄-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဒေါ်ကြူကြူမွှေး ၁၀/ဆလန(နိုင်)၀၈၅၂၀၂ အစား ၁၀/ဘလန(နိုင်)၀၈၅၂၀၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဆရာကြီး ဦးခုပ်လျန်း (SIAPI KHUP LIAN – B.Com; Dip.Ed)
## လ/ထ ပြည်နယ်ပညာရေးမှူး – စစ်ဆေးရေး (ငြိမ်း)
## အသက် (၈၂) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တက်လွီးရွာ (Teeklui) နေ အဘ ဦးအွန်ခေါ်မန် (Aun Khua Mang –GUALNAM MUNSUANG) နှင့် အမိ ဒေါ်တဲလ်ခေါ်ကျောင် (Tel Khua Ciang) တို့၏ သားကြီး (Pi Goih Khua Zo+Pu Thang Hawl Cin– Tunglut), (Pi Don Hau + Pu Hang Do Thang–Tawmging),(Pi Dim Za Thang + Pu Phung Za Langh), (Pi Zo Khua Man + Pu Thawng Do Lian) တို့၏ မောင်/ညီ၊ Pi Dim Zam ၏ခင်ပွန်း၊ (Pu Suan Cin Pau) + Pi Ning Do Vung တို့၏အစ်ကို Nu Ciang Za Man (BA)+ Pa Tuang Sian Dongh (လ/ထညွှန်မှူး၊ ခရိုင်ပညာရေး), (Nu Vung Khan Cin+ Pa Dal Khan Khai), Rev. Dr. Mang Tungg Thang (BSc–Q; MDiv; MAPS; DMin; Dean of LAP, MIT) + Nu Langh Zen Man, Nu Zo Lam Niang (BA, BEd) + Pa Suan Khan Khai, Pa Langh En Kham (AGTI–Civil) + Nu Cing San Ciang, Louisville, KY, USA, Pa Pau Siam Kim (MDiv)+ Nu Hau Sian Khoi, Pa Thang Sian Suan (IT Technician) + Nu Pau Sian Lun, Pa Thang Hau Langh (BARS; BSc)+ Nu Niang Lawh Lun တို့၏ မွေးသဖခင်၊ မြေး (၂၈) ဦးတို့၏ အဘိုး၊ မြစ် (၈) ဦးတို့၏ ဘေးသည် ၆-၃-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၀:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၃-၂၀၂၅ (တနင်္ဂနွေနေ့) ညနေ ၃:၀၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ဖခင်ကြီး၏ နာရေးကိစ္စတွင် အဘက်ဘက်မှပါဝင်ကူညီပံ့ပိုးသူအယောက်စီတိုင်းအပေါ် အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အကွက်အမှတ် (၇) အညာစုကွက်၊ ရွှေဘိုကျောင်းလမ်း၊ အမှတ်(၁၀/က) ဟု ခေါ်တွင်သော ဦးပိုင်အမှတ် (၁၀/က)၊ မြေအကျယ်ပေ (၄၀'x၆၀')၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ (၁၀)နှစ် မြေငှားဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးကျော်ကျော်(ခ) ဦးကျော်ကျော်လှိုင်(ဘ)ဦးမျိုးလှိုင် ၁၂/စခန(နိုင်)၀၂၃၁၂၂၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ အလည်ချောင်ကျေးရွာအုပ်စု၊ ထင်းရှူးပြားကျေးရွာနေ အထက(၂)ရပ်စောက် Grade-11မှ မမေဇင်သူ၏ ဖခင် အမည်မှန်မှာ ဦးမောင်ရှိန် ၁၃/ရစန(နိုင်)၀၇၇၀၀၅ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၇

| | | |
|---|---|---|
| ကိုနိုင်ဟံသာ (ခ) မင်းဟံသာ | နှင့် | ဒေါ်အေးအေးသက် |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၈)၊ ၅ လွှာ ခြေရင်းခန်းနေ ဒေါ်အေးအေးသက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုနိုင်ဟံသာ(ခ)မင်းဟံသာက ငွေ ၁၂၀၀၀၀၀၀ ကျပ်နှင့် နစ်နာကြေးငွေ ၃၄၅၁၆၃၅၀၀ ကျပ်၊ စုစုပေါင်းငွေ ၄၆၅၁၆၃၅၀၀ ကျပ် (ကျပ်လေးထောင်ခြောက်ရာငါးဆယ့်တစ်သိန်းခြောက်သောင်းသုံးထောင့်ငါးရာ) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၂၈ ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သိန်းဦး)**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၂၀)လမ်း၊ အမှတ်- (၁၁၄၁/က-၂) ဟုခေါ်တွင်သော အလျား (၂၀)ပေ x အနံ (၆၀)ပေ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဒေါ်အုန်းမြိုင် (CE- ၁၀၁၀၇၇) အမည်ဖြင့် ယနေ့တိုင်မှတ်သားတည်ရှိသည့်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေးများဖြစ်ကြသော ၁။ ဒေါ်ချိုချိုဝင်း၊ ၂။ ဦးမြင့်ဝင်း၊ ၃။ ဒေါ်ခင်စန်းဦး၊ ၄။ ဒေါ်ကြည်ကြည်ဝင်းတို့က တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချခြင်းဖြစ်ရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်တွင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းဝင်း ၈/ရစက(နိုင်)၀၂၇၇၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြသီတာ (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၁၁၅၂၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်-၇၊ ခဲလယ်တောင်၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀.၀၆၄) ကေရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ဝါန ၁၃/နခတ(နိုင်)၀၄၈၈၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ် ၈/စည်းခံရပ်၊ ဦးပိုင်အမှတ်(၆-ဃ)၊ မြေဧရိယာ(၀.၀၅၅)ကေရှိမြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအောင်ခိုင် ၉/မရမ(နိုင်)၀၉၂၁၆၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/22336 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

## ထိုင်းနိုင်ငံအနေဖြင့် အထောက်အကူပြုပစ္စည်း စုစုပေါင်း ၄၉၉၀ ကီလိုဂရမ်ပါဝင်သော C-130 လေယာဉ်ဖြင့် ၃၆ နာရီအတွင်း ဆဋ္ဌမမြောက်ဆိုက်ရောက်ကူညီပေးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ မြန်မာနိုင်ငံအနေဖြင့် အထူးမှတ်တမ်းတင်ဂုဏ်ပြု

နေပြည်တော် မေ ၅

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်လျင်နှင့် နောက်ဆက်တွဲလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြု အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❁

**ယနေ့ သတင်းအညွှန်း**

**ယာယီရပ်တန့်ထားရသည့် ရန်ကုန် - မန္တလေးရထားလမ်းပိုင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့အား ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ ရထားခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား အများပြည်သူသွားလာမှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၂

**မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိ**

ပြည်တွင်းသတင်း စာ ၂၂

## လေပွေလှိုင်းများအရှိန်ကြောင့် မေ ၁၃ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မေ ၅

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊

*စာမျက်နှာ ၂၃ ကော်လံ ၅* ●